# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၁၆)၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ ၂၅-၃-၂၀၂၅၊ အင်္ဂါနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက လျာထားသည့်လုပ်ငန်းများတွင် လက်တွေ့ကျသည့် စီမံကိန်းဖြစ်စေရန်နှင့် ပြည်သူကို အမှန်တကယ်အကျိုးပြုနိုင်သည့် စီမံကိန်းများဖြစ်စေရေး စနစ်တကျလေ့လာသုံးသပ်ဆောင်ရွက်

### အမျိုးသားစီမံကိန်းများအောင်မြင်စေရေး အားလုံးက အလေးအနက်ထား ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် မတ် ၂၄

အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားစီမံကိန်း ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ○

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၂၄

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအစမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတစ်နိုင်ငံ၏ ထုတ်လုပ်မှုစွမ်းရည်တိုးတက်ရေးတွင် အဓိကလိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူမှုစီးပွားဘဝဝန်းကျင်ကို ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိ

○ ရှေ့ဖုံးမှ

ဦးစွာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၅)တွင် လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ ပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဆွေးနွေးညှိနှိုင်း အတည်ပြုကြမည်ဖြစ်ကြောင်း။

### မျက်ဝါးထင်ထင်တွေ့ကြရမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်အချိန်မှစပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကိုဘက်ပေါင်းစုံမှလက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်ကို မျက်ဝါးထင်ထင် တွေ့ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ အဓိကစီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဖွဲ့အစည်းဆိုင်ရာမူဘောင် (Institutional Framework) များ အားကောင်းစေရန် လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ အဓိကကျသည့်ကဏ္ဍများတွင် ထုတ်လုပ်မှုအရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေး ကော်မရှင်၊ စက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မရှင်တို့ကို ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါကဏ္ဍများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးအားကောင်းစေရန် တွန်းအားပေး ဆောင်ရွက်လျက်ရှိသော်လည်း အဖျက်အမှောင့် လုပ်ငန်းများကြောင့် နိုင်ငံတော်၏စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတား၊ တာဝါတိုင်များ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ကျောင်း၊ ဆေးရုံ စသည်များတွင် ပျက်စီးဆုံးရှုံးမှုများရှိနေကြောင်း၊ ထိုသို့ဖျက်ဆီးမှုများကြောင့် သမင်မွေးရင်း ကျားစားရင်း ဆိုသည့် စကားအတိုင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် တိုးတက်မှုကို အဟန့်အတားဖြစ်စေပြီး နယ်မြေဒေသ မတည်ငြိမ်သည့်ဒေသများတွင် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် နောက်ကျကျန်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ထို့ပြင် စီးပွားရေးဝန်းကျင်ကောင်းများကို ဖန်တီးပေးနိုင်ရန်အတွက် နိုင်ငံတော်က လိုအပ်သည့်ပံ့ပိုးမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ထုတ်လုပ်မှုစွမ်းရည် တိုးတက်ရေးတွင် အဓိကလိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူမှုစီးပွားဘဝဝန်းကျင်ကို ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် ပိုလီတက်ကနစ်နည်းပညာများ (Polytechnic)ကို နေပြည်တော်မှာသာမက အခြားဒေသများတွင် တိုးချဲ့သင်ကြားနိုင်ရန်အတွက် စီစဉ်ပေးလျက်ရှိပြီး အရည်အသွေးပြည့်ဝသည့် ပညာရေးကို လူတိုင်းလက်လှမ်းမီသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ တိုးတက်ဆောင်ရွက်နိုင်ရန်အတွက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူမှုရေးကဏ္ဍတွင်လည်း အားကစားနှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး၊ ထူးချွန်အားကစားသမားများ၏ လူမှုဘဝမြှင့်တင်နိုင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပထမအဆင့်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အားလုံး၌ မိုးလုံလေလုံအားကစားကွင်း၊ ပွဲကြည့်စင်နှင့် မီတာ ၄၀၀ ပြေးလမ်းပါသည့် ဘောလုံးကွင်းနှင့် ရေကူးကန်များကို ဦးစားပေးဆောင်ရွက်ပေးရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးနီးပါးတွင် တည်ဆောက်ပြီးဖြစ်ကြောင်း၊ အလားတူ ဒုတိယအဆင့်အနေဖြင့် ခရိုင်မြို့ကြီးများအားလုံးတွင် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တစ်ဆက်တည်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင်လည်း ဆောင်ရွက်ပေးလျက်ရှိပြီး တတိယအဆင့်အနေဖြင့် မြို့နယ်များတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန်အတွက် မိုးရာသီ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်း တိုးချဲ့ဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ရာသီဥတုဖောက်ပြန်မှုကြောင့် ထိခိုက်မှုများကို လျှော့ချနိုင်ရေးအတွက် ရာဖွေကယ်ဆယ်ရေး လုပ်ငန်းများတွင် ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရေးကိုလည်း စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ သစ်တောသစ်ပင်များစိုက်ပျိုးရာတွင်လည်း စိုက်သမျှအပင်များ တစ်ပင်စိုက်တစ်ပင်ရှင်ဆိုသည့် ရည်မှန်းချက်ထား၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ရှိမိမိတို့နိုင်ငံတွင် သစ်တောဖုံးလွှမ်းမှု ၄၂ ရာခိုင်နှုန်းကျော်ရှိသည်မှ ၅၀ ရာခိုင်နှုန်းအထိရောက်အောင် ရည်မှန်းချက်ထားရှိ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဝေးလံဒေသများအပါအဝင် ဒေသအသီးသီးတွင် ကုန်စည်နှင့် ခရီးသည်သယ်ယူပို့ဆောင်ရေးအတွက် လိုအပ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ကုန်ထုတ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများနှင့် ကျေးလက်ဒေသများတွင် ရာသီမရွေးသွားလာနိုင်သည့် လမ်းကွန်ရက်များ စသည့်သယ်ယူပို့ဆောင်ရေး အခြေခံလုပ်ငန်းများကိုဆောင်ရွက်ပေးခဲ့ကြောင်း။

လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင်လည်း ဆောင်ရွက်ဆဲ ဆည်တမံနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများကို ရှေ့ဆက်အကောင်အထည်ဖော်နိုင်ရေးနှင့် နိုင်ငံတော်၏ရည်မှန်းချက်များ ပြည့်မီရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် မျိုး၊ မြေဩဇာ၊ စက်ကိရိယာများ၊ စိုက်ပျိုးရေရရှိရန် ဆိုလာရေတင်လုပ်ငန်းများကို ဦးစားပေးလျာထား ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များသင်ယူနိုင်ရေး၊ အလုပ်အကိုင်ဖန်တီးနိုင်ရေးစသည့်လုပ်ငန်းများအတွက် အသုံးစရိတ်များကိုလည်း လျာထားခွင့်ပြုပေးမည်ဖြစ်ကြောင်း။

### လျာထားခွင့်ပြုပေးထား

အကန့်အသတ်ရှိသည့် ဘဏ္ဍာငွေအရင်းအမြစ်များနှင့် ပြည်သူများ အဆင့်အတန်းမြင့်မားစွာ နေထိုင်နိုင်ရေးအတွက် ပြည်သူ့အင်္ဂါအိမ်ရာ စီမံကိန်းများ၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားကဏ္ဍများတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအတွက် နေထိုင်ရေးအဆင်ပြေစေရန် လိုအပ်သည့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်းကိုလည်း ခွင့်ပြုထားကြောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့မှုများ၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဘဏ္ဍာငွေများ လျာထားခွင့်ပြုပေးထားပြီးဖြစ်ကြောင်း။

ပြည်ထောင်စု ဝန်ကြီးဌာနများက လျာထားသည့်လုပ်ငန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများက လျာထားသည့်လုပ်ငန်းများတွင် လက်တွေ့ကျသည့် စီမံကိန်းဖြစ်စေရန်နှင့် ပြည်သူကို အမှန်တကယ် အကျိုးပြုနိုင်သည့် စီမံကိန်းများဖြစ်စေရေး စနစ်တကျ လေ့လာသုံးသပ်ပြီး အချိန်မီပြီးစီးရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ မျှော်မှန်းချက်များ၊ ရည်မှန်းချက်ပန်းတိုင်များ ပြီးမြောက်အောင်မြင်ရန်အတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ မူဝါဒ ရည်မှန်းချက်များကို လုပ်ငန်းလမ်းညွှန်များအဖြစ် အလေးအနက်ခံယူပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်များက ဟန်ချက်ညီညီ၊ အချိတ်အဆက်မိမိ ပူးပေါင်းပြီး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

* လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင်လည်း ဆောင်ရွက်ဆဲ ဆည်တမံနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို ရှေ့ဆက်အကောင်အထည်ဖော်နိုင်ရေးနှင့် နိုင်ငံတော်၏ရည်မှန်းချက်များ ပြည့်မီရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် မျိုး၊ မြေဩဇာ၊ စက်ကိရိယာများ၊ စိုက်ပျိုးရေရရှိရန် ဆိုလာရေတင်လုပ်ငန်းများကို ဦးစားပေး လျာထားခွင့်ပြုပေးသွားမည်

* အသက်မွေးဝမ်းကျောင်း ပညာရပ်များသင်ယူနိုင်ရေး၊ အလုပ်အကိုင်ဖန်တီးနိုင်ရေးစသည့်လုပ်ငန်းများအတွက် အသုံးစရိတ်များကိုလည်း လျာထားခွင့်ပြုပေးမည်

စာမျက်နှာ ၄ သို့ ○

○ စာမျက်နှာ ၃ မှ

နိုင်ငံတော်အစိုးရ အနေဖြင့်လည်း ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ တိုင်းသူပြည်သားများ၏ သာယာဝပြောရေးတို့အတွက် ပြည်သူ့ဗဟိုပြု လုပ်ငန်းများကို လူထုနှင့်လက်တွဲပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည့်အတွက် ရည်မှန်းချက်ပါ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ကြရေး ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်း ကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အမျိုးသားစီမံကိန်း ကော်မရှင်အစည်းအဝေးတွင် အတည်ပြုချက်ရယူမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းကို တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝတိုးတက်ရန်နှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်ရည်ရွယ်ပြီး ရေးဆွဲထားသည်ကို တွေ့ရကြောင်း၊ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်တိုးမြှင့်ရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားသည်ကိုလည်း တွေ့ရှိရကြောင်း၊ ထို့ပြင် ဒေသတွင်း ပြန်လည်တည်ထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုထားပါကြောင်း။

ယခု ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍများမှအပ ကျန်ကဏ္ဍများတွင် တိုးတက်မှုရရှိမည်ဟု ခန့်မှန်းထားပြီး နှစ်ကုန်ယာယီခန့်မှန်းခြေစာရင်းအရ စီးပွားရေးတိုးတက်မှုနှုန်းကို ယခင်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၉ ရာခိုင်နှုန်း ရရှိနိုင်ကြောင်း ခန့်မှန်းထားသည်ကို တွေ့ရှိရကြောင်း။

လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ကို ယခုနှစ်၏ အကောင်အထည်ဖော်နိုင်မှု အခြေအနေ၊ ကဏ္ဍဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/




အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြစဉ်။

ပြည်နယ်များ၏ ထုတ်လုပ်မှုနှင့် ဘဏ္ဍာငွေ လျာထားချက်များပေါ် အခြေခံပြီး ဂျီဒီပီတိုးတက်မှုနှုန်းကို ၃ ရာခိုင်နှုန်း၊ နှစ်အလိုက်ဈေးနှုန်းအရ တန်ဖိုးအားဖြင့် ငွေကျပ် ၁၇၁၄၉၈ ဒသမ ၁ ဘီလီယံ ရရှိနိုင်ကြောင်း ခန့်မှန်းထားသည်ကို တွေ့ရှိရကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ရှေ့ပြေးလူဦးရေစာရင်းပေါ် အခြေခံပြီး လူဦးရေ ၅၁ ဒသမ ၃ သန်းနှင့် ခန့်မှန်းထားသည့် တစ်ဦးကျ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ၃ ဒသမ ၃ သန်းကျော် ရရှိစေရန် လျာထားပါကြောင်း။

ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်နေသည့် စီမံကိန်း အသုံးစရိတ်များကိုလည်း စနစ်တကျ သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ရန်၊ စီးပွားရေး တိုးတက်မှု အခြေအနေကို ယခုထက်ပိုမို ရရှိရေးကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏ အရင်းအမြစ်များကို ထိရောက်စွာအသုံးချပြီး တိုးတက်သည့် ရလဒ်ကောင်းများရရှိရေး ဆောင်ရွက်ရန်နှင့် ပြည်သူလူထု၏ အဓိက လိုအပ်သည့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်း ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသား စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကို သုံးသပ်ဆွေးနွေးပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း(မူကြမ်း) ရေးဆွဲထားမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်း ကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေ (မူကြမ်း)ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက ဘဏ္ဍာနှစ်အလိုက် အမျိုးသားစီမံကိန်း လျာထားမှုနှင့် ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားရာတွင် စီမံကိန်းဆိုသည်မှာ အမှန်တကယ်လုပ်နိုင်သည့် အရာကို စီမံကိန်းရေးဆွဲဆောင်ရွက်၍ အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ပြည်သူများအတွက် အဓိက အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများကို ရေးဆွဲဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်၍ နိုင်ငံ့ GDP တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကို အသုံးပြု၍ စက်မှု ကုန်ထုတ်လုပ်မှုကဏ္ဍ မြှင့်တင်နိုင်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်လာပါက အခြားစက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားစေရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

အမျိုးသားစီမံကိန်းများ အောင်မြင်စေရေးအတွက်အားလုံးကအလေးအနက်ထား၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ စီမံကိန်းများရေးဆွဲရာတွင် မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများ၏လူဦးရေကိုကြည့်၍ ရေးဆွဲဆောင်ရွက်ကြရန်လိုကြောင်း၊ ကျေးလက်နှင့် မြို့ပြအလိုက် နေထိုင်ကြသည့်ပြည်သူများအတွက် စားရေးနှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ လိုအပ်သည့် အသား၊ ငါးများကို လုံလောက်စွာဖြင့်ထုတ်လုပ်နိုင်ရန်လိုသဖြင့် မွေးမြူရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရေး တွန်းအားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍လည်း အလားတူပင်ဖြစ်ကြောင်း။

စီမံကိန်းများနှင့် ပတ်သက်၍ ဒေသအလိုက်လုံခြုံမှုများရှိစေရေး တာဝန်ရှိသည့် အဖွဲ့အစည်းများအားလုံးက ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လုံခြုံမှုရှိမှသာ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်များပြားလာမည်ဖြစ်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ နည်းပါးခြင်းကြောင့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်၍ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

GDP နှင့်ပတ်သက်၍ နိုင်ငံ၏ GDP တိုးတက်စေရေး စိုက်ပျိုးရေးထုတ်ကုန်နှင့် လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍများ တိုးတက်စေရေးနှင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်ကြရန် လိုသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှလည်း ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ စီမံကိန်းများကို အောင်မြင်အောင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း။

လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး အနေဖြင့် လာမည့်ဒီဇင်ဘာလအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လုံခြုံရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း၊ လုံခြုံရေးစနစ် ကောင်းမွန်လာပါက ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ အမျိုးသားစီမံကိန်းများ အောင်မြင်စေရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်း ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအင်အား ကောင်းမွန်ရန်အတွက် ဂျီဒီပီကို ရည်မှန်းထားသည့်အတိုင်းရရှိရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများတွင် ရည်မှန်းထားသည့်ရလဒ်များ ရရှိစေရေး လက်တွေ့ကျကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံ့အရေးကို ရှေ့တန်းတင်ပြီး အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ပေးနေသည့် မိမိတို့ အစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းများကို ထင်သာမြင်သာရှိပြီး ပြည်သူများ အကျိုးကျေးဇူး ရရှိခံစားနိုင်ရန်နှင့် လုပ်ဆောင်ချက်များ အားလုံးကို မှတ်ကျောက်တင်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေနှင့် ဒေသန္တရစီမံကိန်းဥပဒေများမပြဋ္ဌာန်းမီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ပြည်ထောင်စုဝန်ကြီး ဌာနများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည် ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် ကာကွယ်ရေးအင်အားများ ကောင်းမွန်ရန်အတွက် လုပ်သင့်လုပ်ထိုက်သည့်လုပ်ငန်းများကို ရဲရဲဝံ့ဝံ့ ဆောင်ရွက်ကြရန်လိုကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ရယူသင့်သည့် သင်ခန်းစာများကို ဖော်ထုတ်ပြီး လက်တွေ့ကျကျ ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် တီထွင်ကြံဆ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများကိုလည်း လေလွင့်မှုမရှိစေဘဲ သက်ဆိုင်ရာဒေသအသီးသီး၌ ထိရောက်စွာသုံးစွဲနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံကောင်းများ ဖန်တီးပေးထားပြီးဖြစ်သည့်အတွက် လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးနှင့် ဒေသတွင်းထုတ်လုပ်မှု ကွင်းဆက်မှ တစ်ဆင့် ကမ္ဘာ့ထုတ်လုပ်မှု ကွန်ရက်သို့ ချိတ်ဆက်နိုင်ရေးကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံခြားငွေ ယိုစီးမှုလျော့နည်းစေရေးအတွက် ပြည်တွင်း ထုတ်လုပ်မှုလုပ်ငန်းများက သွင်းကုန်အစားထိုးနိုင်မှု တိုးတက်ရရှိရေး၊ သယံဇာတပစ္စည်းများ တရားမဝင်ထုတ်ယူခြင်း၊ ရောင်းဝယ်ခြင်းနှင့် တရားမဝင်ကုန်သွယ်မှုများ မဖြစ်ပေါ်စေရေးအတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ယခုထက်ပိုမိုပြီး ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

❖ စီမံကိန်းဆိုသည်မှာ အမှန်တကယ်လုပ်နိုင်သည့်အရာကို စီမံကိန်းရေးဆွဲဆောင်ရွက်၍ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်

❖ ပြည်သူများအတွက် အဓိကအကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများကို ရေးဆွဲဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်၍ နိုင်ငံ့ GDP တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကို အသုံးပြု၍ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ မြှင့်တင်နိုင်ရန်လို

❖ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်လာပါက အခြားစက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများလည်း တိုးတက်လာမည်၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားစေရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

## ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

# ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိမည့်နေရာများတွင် အသုံးချ



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၂၄

ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြား သည်။

### တက်ရောက်

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေး မှူး၊ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက် ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ်များက ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြ သည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့် အမှာစကားပြောကြားရာတွင် ယနေ့ ကျင်းပသည့်ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာ ရေးနှစ်အတွက် ရေးဆွဲထားသည့် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေ စာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေး အတည်ပြုကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော် ၏စီးပွားရေး ဦးတည်ချက်(၃)ရပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် ဝန်ကြီးဌာနအသီးသီးနှင့် နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်း ဒေသကြီးအသီးသီးတို့က ကဏ္ဍအလိုက်၊ ဒေသအလိုက် ဦးစားပေးအသုံးစရိတ်များ ကို သတ်မှတ်သုံးစွဲကြရမည်ဖြစ်ကြောင်း။

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေကို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ရိုက် အထောက်အကူပြုနိုင်သည့် အသုံးစရိတ် များဖြစ်သော အခြေခံအဆောက်အအုံ ဆိုင်ရာ လမ်းတံတား၊ လျှပ်စစ်ဓာတ်အား ရရှိရေး၊ ပို့ဆောင်ဆက်သွယ်ရေး ကိစ္စရပ် များနှင့် ပို့ကုန်မြှင့်တင်ရေး၊ သွင်းကုန် အစားထိုးရေး၊ အလုပ်အကိုင် အခွင့် အလမ်း ဖန်တီးရေးအစရှိသည့် အသုံးစရိတ် များကိုဦးစားပေးသုံးစွဲရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏မူဝါဒအရ သုံးစွဲရမည့် အသုံးစရိတ်များ၊ ပြည်သူအတွက် အရေးတကြီးဆောင်ရွက်ပေးရန် လိုအပ် သည့်အသုံးစရိတ်များ၊ နိုင်ငံ့စီးပွားမြှင့်တင် နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပေါ်များစေရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်စေရေးတို့ကို အထောက်အကူပြု သည့် အသုံးစရိတ်များ၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင် နိုင်မည့် အသုံးစရိတ်များကို လိုအပ်ချက် နှင့်အညီ နိုင်ငံတော်က နှစ်စဉ်ခွင့်ပြုပေး လျက်ရှိကြောင်း။

ဘဏ္ဍာရေးနှစ်အလိုက် လျာထားချက် အပေါ် အကောင်အထည်ဖော် ဆောင်ရွက် နိုင်မှုအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တွင် ရငွေရရှိမှု ၇၁ ဒသမ ၇၈ ရာခိုင်နှုန်း၊ သုံးငွေသုံးစွဲမှု ၇၇ ဒသမ ၀၆ ရာခိုင်နှုန်း၊ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လ ဘဏ္ဍာရေး နှစ်မှာ ရငွေရရှိမှု ၉၆ ဒသမ ၁၀ ရာခိုင်နှုန်း၊ သုံးငွေသုံးစွဲမှု ၈၄ ဒသမ၂၅ ရာခိုင်နှုန်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှာ ရငွေရရှိမှု ၁၀၄ ဒသမ ၉၆ ရာခိုင်နှုန်း၊ သုံးငွေသုံးစွဲမှု ၉၀ ဒသမ ၇၈ ရာခိုင်နှုန်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှာ ရငွေရရှိမှု ၉၇ ဒသမ ၀၃ ရာခိုင်နှုန်း၊ သုံးငွေသုံးစွဲမှု ၈၉ ဒသမ ၃၂ ရာခိုင်နှုန်း၊၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဇန်နဝါရီလအထိ ရငွေရရှိမှု ၇၁ ဒသမ ၁၁ ရာခိုင်နှုန်း၊ သုံးငွေသုံးစွဲမှု ၅၉ ဒသမ ၅၅ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရကြောင်း။

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာရေးနှစ်အတွင်း ရငွေလျာထားချက် ကို ပြည့်မီကျော်လွန်အောင် ကြိုးစား ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အသုံး စရိတ်ခွဲဝေလျာထားပေးသည့် ရန်ပုံငွေ များကိုလည်း သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွက် အကျိုးအရှိဆုံးနှင့် အထိရောက်ဆုံးဖြစ်စေရေး စိစစ်ပြီး စီမံ ခန့်ခွဲသုံးစွဲရေးသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ တာဝန်ပင်ဖြစ် ကြောင်း၊ ပြည်သူများကို တိုက်ရိုက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှသာ နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူပြုနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ မက်ခရိုစီးပွားရေးအခြေ အနေတည်ငြိမ်မှုနှင့် ရေရှည်စီးပွားရေး တိုးတက်မှုရရှိစေရေး လိုငွေနှင့်ဂျီဒီပီအချိုး ကို သင့်တင့်သည့်ပမာဏအတွင်း ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ) ကို ကျပ် ၁၇၁၄၉၈ ဘီလီယံရရှိရန် မျှော်မှန်း ထားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ကိုလည်း သုံးရာခိုင်နှုန်းရရှိရန် မျှော်မှန်း ထားကြောင်း။

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကို တည်ဆဲ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက် ရန်လိုအပ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာ ရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း များကို ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံ တော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အချိန်မီ ပေးပို့တင်ပြနိုင်ရေးအတွက် ဘဏ္ဍာရေး ဆိုင်ရာ ကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေး အတည်ပြုပေးကြရန်လို ကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ချုပ်က မိမိအနေဖြင့် ဘတ်ဂျက်လိုငွေများ ထိန်းသိမ်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရငွေပိုင်းတွင် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ အမှန်ရရှိနိုင်မည့် ရငွေပမာဏနှင့် အနီးစပ်ဆုံး တွက်ချက် လျာထားရေး၊ အသုံးစရိတ်ပိုင်းတွင် နိုင်ငံ တော်ဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လေလွင့် မှုမရှိဘဲ အကျိုးရှိထိရောက်စွာ သုံးစွဲနိုင် မည့် အသုံးစရိတ်များ၊ နိုင်ငံ့စီးပွားမြှင့်တင် နိုင်ရေးတို့ကို အထောက်အကူပြုသည့် အသုံးစရိတ်များ ဖြစ်စေရေးအတွက် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်း များ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အရ အသုံးခန့်မှန်းခြေ ငွေစာရင်းများအပေါ် ထပ်ဆင့်စိစစ်ခဲ့ကြောင်း၊ ထို့အတူ တိုင်း ဒေသကြီး/ပြည်နယ်များ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် စာမျက်နှာ ၆ သို့ ❐

❖ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာရေးနှစ်အတွင်း ရငွေလျာထားချက်ကို ပြည့်မီကျော်လွန်အောင် ကြိုးစားဆောင်ရွက်သွားကြရန်လို

❖ အသုံးစရိတ်ခွဲဝေလျာထားပေးသည့် ရန်ပုံငွေများကိုလည်း သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွက် အကျိုးအရှိဆုံးနှင့် အထိရောက်ဆုံးဖြစ်စေရေး စိစစ်ပြီး စီမံခန့်ခွဲ သုံးစွဲရေးသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ တာဝန်ပင်ဖြစ်

❖ ပြည်သူများကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှသာ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်

# ဦးဇော်ဇော်စိုး အား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးဇော်ဇော်စိုးအား ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။

သတင်းစဉ်




ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြစဉ်။

❐ စာမျက်နှာ ၅ မှ

အရအသုံးခန့်မှန်းခြေ ငွေစာရင်းများကို လည်း သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ ဖြင့် အဆင့်ဆင့်စိစစ်ထားခဲ့သည်ကို တွေ့ရှိရကြောင်း။

ရငွေအပိုင်း လျာထားရာတွင် ရသင့် ရထိုက်သော ရငွေများ အပြည့်အဝရရှိရေး၊ အခွန်အခများနှင့်ပတ်သက်၍ ခေတ်ကာလနှင့် ဆီလျော်သော နှုန်းထားဖြစ်စေရေး၊ လျာထားငွေများအတိုင်း အပြည့်အဝကောက်ခံရရှိရေး၊ နှစ်ဟောင်းကြွေးကျန်များ ပြန်လည်ရရှိရေး၊ အမှန်တကယ်ရရှိနိုင်မည့် ပြည်ပချေးငွေ၊ ပြည်ပအကူအညီရငွေများ ဖြစ်စေရေးအတွက် စိစစ်လျာထားမှုပြုလုပ်ခဲ့ကြောင်း။ ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး၊ နေရပ်စွန့်ခွာပြည်သူများ၏ စားဝတ်နေရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စများအတွက် အရေးပေါ်ရန်ပုံငွေကို ပြည်ထောင်စုတွင် ငွေကျပ် ဘီလီယံ ၂၀၀၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များတွင် ငွေကျပ် တစ်ဘီလီယံစီဖြင့် ငွေကျပ် ၁၅ ဘီလီယံ စုစုပေါင်း ငွေကျပ် ၂၁၅ ဘီလီယံ ခွင့်ပြုထားကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်များသို့ ထောက်ပံ့ငွေအပါအဝင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ၎င်းကိုအခြေပြု၍ ရေးဆွဲထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်က သုံးသပ်ပြီး အတည်ပြုထောက်ခံပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက ဥပဒေကြမ်းများနှင့်ပတ်သက်သည့် ဥပဒေဆိုင်ရာ အကြံပြုချက်များကို လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုချက်များကို လည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တင်ပြကြသည်။

တင်ပြမှုများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘဏ္ဍာငွေများကို ပြည်ထဲရေး၊ ကာကွယ်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် အသုံးစရိတ်များ တိုးမြှင့်ပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ တိုးမြှင့်ပေးခြင်းမှာ နိုင်ငံတော်တည်ဆောက်ရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပါက နိုင်ငံစီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဘတ်ဂျက်များ လျာထားရာတွင် အမှန်တကယ် အသုံးပြုနိုင်မည့်ပမာဏများကိုလျာထားဆောင်ရွက်ကြရန်လိုကြောင်း။

ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိမည့်နေရာများတွင် အသုံးချနိုင်ရန်လိုကြောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဘတ်ဂျက်ရငွေများကို အမှန်တကယ်ရရှိအောင်နှင့် သုံးငွေများကိုအမှန်တကယ်အကျိုးရှိသည့်နေရာများတွင်သာ အသုံးပြုရန်လိုကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ရာတွင် ကာကွယ်ရေးတပ်ဖွဲ့များ၏ စွမ်းရည်နှင့်စွမ်းအားမြှင့်တင်နိုင်ရေးအတွက်လည်း ဘတ်ဂျက်ငွေများ သုံးစွဲရခြင်းများရှိကြောင်း၊ နိုင်ငံတကာတွင်လည်း အလားတူပင်ဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စီမံကိန်းများသည် အချိန်တိုအတွင်း ဆောင်ရွက်၍မရဘဲအချိန်ယူတည်ဆောက်ရသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားရသည့် တည်ဆောက်ဆဲစီမံကိန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စီမံကိန်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ ပုဂ္ဂလိက တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့တတ်နိုင်သည့်ဘက်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဝိုင်းဝန်းဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

### စနစ်တကျသုံးစွဲ

ဘဏ္ဍာငွေသုံးစွဲရေးနှင့် ပတ်သက်၍ စနစ်တကျဖြင့် သုံးစွဲကြရန်လိုပြီး စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် ဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်း၊ မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်စေရေး ဝန်ကြီးဌာနများအနေဖြင့် ကြပ်မတ်စစ်ဆေးဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် စီမံကိန်းများ အောင်မြင်စေရေး စနစ်တကျဖြင့် တိုင်းပြည်နှင့်ပြည်သူအပေါ် စေတနာထား၍ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ယနေ့ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို စိစစ်အတည်ပြုခဲ့ပြီးဖြစ်ကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍတွင် အသိပညာ၊ အတတ်ပညာများ သင်ကြားနေသည့် ကျောင်းသားကျောင်းသူများကို ပညာသင်ထောက်ပံ့စရိတ်များ ထောက်ပံ့ခြင်း၊ ဆရာ ဆရာမများအတွက် အကျိုးခံစားခွင့်အတွက် ရရှိထားသည့် ဘွဲ့များအလိုက် ချီးမြှင့်ငွေများ ထောက်ပံ့ခြင်းတို့ကို ခွင့်ပြုပေးထားကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ တိုးတက်မြင့်မားစေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး လိုအပ်သည့်အသုံးစရိတ်များ၊ တက္ကသိုလ်အလိုက် ကျောင်းသားကျောင်းသူများအတွက် အပန်းဖြေဌာန (Recreation Center) တည်ဆောက်ခြင်း အသုံးစရိတ်များ၊ အလျင်အမြန်အကျိုးရလဒ် (Quick Win) ရရှိနိုင်မည့် ဆိုလာစနစ် ရေတင်စီမံကိန်း/လုပ်ငန်းအသုံးစရိတ်များ၊ လူမှုစီးပွားမြှင့်တင်ရေး အသုံးစရိတ်များလည်း ပါဝင်ကြောင်း။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်း၊ တံတားများ တည်ဆောက်ခြင်းလုပ်ငန်း အသုံးစရိတ်များ၊ လျှပ်စစ်မီးရရှိရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများအတွက် အသုံးစရိတ်များ ပါဝင်သည်ကိုလည်း တွေ့ရှိရကြောင်း။

ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ခွဲဝေချထားပေးသည့် အသုံးစရိတ်များကို နိုင်ငံတော်နှင့်ပြည်သူများ၏ လိုအပ်ချက်နှင့်အညီ အကျိုးရှိသည့်အသုံးစရိတ်များဖြစ်စေရေး၊ လျာထားသည့် အသုံးစရိတ်များကိုလည်း အမှန်တကယ်အကောင်အထည်ဖော်ပြီး စံချိန်စံညွှန်း အပြည့်အဝဖြင့် အချိန်မီပြီးပြတ်အောင် သုံးစွဲနိုင်ရေးနှင့် စာရင်းစစ်ဆေးမှုခံယူနိုင်ရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် လျာထားသည့်အတိုင်း ရငွေများ အပြည့်အဝရရှိအောင် စီမံခန့်ခွဲကြီးကြပ် ဆောင်ရွက်သွားရန်လည်း အရေးကြီးသည်ကို မှာကြားလိုကြောင်း၊ ထို့ကြောင့် အခွန်အကောက်ရငွေများကိုလည်း တည်ဆဲအခွန်အကောက်ဆိုင်ရာ ဥပဒေများနှင့်အညီ အပြည့်အဝကောက်ခံရရှိနိုင်ရန် အထူးကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

❖ ဘဏ္ဍာငွေများကို ပြည်ထဲရေး၊ ကာကွယ်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် အသုံးစရိတ်များ တိုးမြှင့်ပေးလျက်ရှိ၊ ထိုကဲ့သို့ တိုးမြှင့်ပေးခြင်းမှာ နိုင်ငံတော်တည်ဆောက်ရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်

❖ ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပါက နိုင်ငံစီးပွားရေးကို မြှင့်တင်ပေးနိုင်မည်၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဘတ်ဂျက်များ လျာထားရာတွင် အမှန်တကယ် အသုံးပြုနိုင်မည့်ပမာဏများကို လျာထားဆောင်ရွက်ကြရန်လို

❖ ဘဏ္ဍာငွေသုံးစွဲရေးနှင့်ပတ်သက်၍ စနစ်တကျဖြင့် သုံးစွဲကြရန်လိုပြီး စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် ဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်ကြရန်လို၊ မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်စေရေး ဝန်ကြီးဌာနများအနေဖြင့် ကြပ်မတ်စစ်ဆေးဆောင်ရွက်ကြစေလို၊ မိမိတို့အနေဖြင့် စီမံကိန်းများ အောင်မြင်စေရေး စနစ်တကျဖြင့် တိုင်းပြည်နှင့်ပြည်သူအပေါ် စေတနာထား၍ ကြိုးပမ်းဆောင်ရွက်

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိက လုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီ ဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

❖ စာမျက်နှာ ၂၄ မှ

တီးခတ်မှုနှင့်အတူ စစ်ချီသီချင်းများကို အားမာန်အပြည့်အဝဖြင့် သီဆို၍ ညီညာစွာချီတက်ကြပြီး စစ်ရေးပြအခမ်းအနား အစီအစဉ်များအတိုင်း လေ့ကျင့်ဆောင်ရွက်ကြသည်။

### ကြည့်ရှုစစ်ဆေး

ထိုသို့ လေ့ကျင့်နေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အတူ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် အလံတော်အဖွဲ့နှင့် စစ်ရေးပြစစ်ကြောင်းများ၏ စစ်ရေးပြကွင်းအတွင်း ချီတက်ဝင်ရောက်နေရာယူမှုများ၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့တက်ရောက်လာကြမည့် ဧည့်သည်တော်ကြီးများအတွက် ထိုင်ခုံနေရာချထားမှုများ၊ ပြည်ပဧည့်သည်တော်ကြီးများအတွက် SIS (Simultaneous Interpretation System) ဘာသာပြန်စက် တပ်ဆင်ထားရှိမှုများ၊ မြင်းစီးတပ်ခွဲနှင့် အရေးကြီးပုဂ္ဂိုလ်ယာဉ်တန်း ဝင်ရောက်နေရာယူမှုများကို ဦးစွာကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြ စစ်ကြောင်းကြီးများအား ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်လေမှ လေယာဉ်၊ ရဟတ်ယာဉ်များ၏ အချိန်ကိုက် အုပ်ဖွဲ့ပျံသန်း လေ့ကျင့်မှုများ၊ အလံတော်အဖွဲ့နှင့် စစ်ကြောင်းတပ်ခွဲများ၏ ဝတ်စားဆင်ယင်မှုဆိုင်ရာများ၊ စစ်ရေးပြအလံများ၊ စစ်ရေးပြလက်နက်ငယ်များနှင့် စစ်ဝတ်တန်ဆာများ ပြင်ဆင်ထားရှိမှုနှင့် စစ်ရေးပြတပ်ခွဲအသီးသီး၏ စစ်ရေးပြလှုပ်ရှားမှုများကို အသေးစိတ်လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ စစ်ရေးပြအခမ်းအနားတွင် တပ်မတော်(ကြည်း၊ရေ၊လေ)နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးအထူးတပ်ဖွဲ့ဝင်များ၊ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ ပါဝင်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြမည့် ပြည်ပဧည့်သည်တော်ကြီးများအတွက် ဘာသာပြန်စက် တပ်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။


## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## တောင်ကိုရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံးက ဟန်ဒေါက်ဆူးကို ယာယီသမ္မတအဖြစ် ပြန်လည်ခန့်အပ်

**ဆိုးလ် မတ် ၂၄**

တောင်ကိုရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံးက ဟန်ဒေါက်ဆူးကို တာဝန်မှရပ်စဲရန် တောင်းဆိုခြင်းကို ပယ်ချခဲ့ပြီး ၎င်းကို နိုင်ငံ၏ ယာယီသမ္မတအဖြစ် ယမန်နေ့က ပြန်လည်ခန့်အပ်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။



ဟန်သည် သမ္မတယွန်းဆွတ်ယူးလ်ကို တာဝန်မှရပ်စဲကာ လွှတ်တော်မှတာဝန်ကိုလည်း ရပ်စဲခဲ့သည့်နောက်ပိုင်းတွင် ယာယီခေါင်းဆောင်အဖြစ် လွှန်ခဲ့သည့် ဒီဇင်ဘာလတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

သို့ရာတွင် ဟန်သည် ရက်သတ္တ နှစ်ပတ်သာကြာအောင် တာဝန်ထမ်းဆောင်ခဲ့ရပြီး ပါလီမန်အမတ်များက သူ့ကိုလည်း တာဝန်မှရပ်စဲရန် မဲပေးခဲ့သည်။ ထိုအချိန်မှစ၍ တောင်ကိုရီးယားနိုင်ငံကို ဒုတိယဝန်ကြီးချုပ် ချွဲဆန်မော့က ဦးဆောင်ခဲ့သည်။

ယာယီသမ္မတအဖြစ် တာဝန်ယူပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံးသို့ တရားသူကြီးအသစ်များခန့်အပ်ခြင်းကို ဟန်က တားမြစ်ခဲ့သည်။

ယွန်းကို တာဝန်မှအပြီးအပိုင် ရပ်စဲရန် အခွင့်အလမ်းတိုးမြှင့်ပေးမည်ဟု တောင်ကိုရီးယားနိုင်ငံရေး အတိုက်အခံများက မျှော်လင့်နေဆဲဖြစ်ကြောင်း သိရသည်။ **Mon**




## တရုတ်-ထိုင်း၏ သံတမန်ဆက်ဆံရေး နှစ် (၅၀) မြောက် ချစ်ကြည်ရေးသစ်ပင်စိုက်ပျိုးပွဲ ပျော်ရွှင်စွာ ကျင်းပ

**ပေကျင်း မတ် ၂၄**

တရုတ်-ထိုင်း၏ သံတမန်ဆက်ဆံရေး နှစ် (၅၀) မြောက်နှင့် နှစ်နိုင်ငံချစ်ကြည်ရေး ရွှေရောင်နှစ်ကာလ အထိမ်းအမှတ်အဖြစ် ရှန်တုန်းပြည်နယ်နှင့် ထိုင်းနိုင်ငံအကြား ဆက်ဆံရေးခိုင်မာစေရန် ချစ်ကြည်ရေးသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ရှန်တုန်းပြည်နယ်၊ ကျင်းမြို့၌ ကျင်းပခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ သစ်ပင်စိုက်ပွဲကို တရုတ်ကွန်မြူနစ်ပါတီ ရှန်ဒုန်းပြည်နယ်ကော်မတီ၏ နိုင်ငံခြားရေးရုံးနှင့် ထိုင်းကောင်စစ်ဝန်ရုံး၊ ကျင်းဒေါမြို့တို့က ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ပြီး ရှန်တုန်း ဘဏ္ဍာရေးနှင့် စီးပွားရေးတက္ကသိုလ်၊ ရှန်တုန်း ပုံမှန်တက္ကသိုလ်မှ ကျောင်းသားကိုယ်စားလှယ်များ အပါအဝင် လူဦးရေ ၃၀ ကျော် တက်ရောက်ခဲ့ကြသည်။

ထိုင်းနိုင်ငံ၊ ကျင်းဒေါမြို့မှ ကောင်စစ်ဝန် စတာအရာယာကွန်းက ထိုင်းနှင့် တရုတ်နိုင်ငံတို့အကြား ရှည်လျားသော ချစ်ကြည်ရေးကို အလေးထား ပြောကြားခဲ့ပြီး နှစ်နိုင်ငံအကြား ခိုင်မာသောယုံကြည်မှုရှိသည်ဟု ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။ **Mon**



## စင်ကာပူနိုင်ငံ၏ အခြေခံငွေကြေးဖောင်းပွမှုပမာဏ နှစ်အလိုက် ၀ ဒသမ ၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့

**စင်ကာပူ မတ် ၂၄**

စင်ကာပူနိုင်ငံ၏ အခြေခံငွေကြေးဖောင်းပွမှုသည် ဖေဖော်ဝါရီလတွင် နှစ်အလိုက် ၀ ဒသမ ၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော ဇန်နဝါရီက ၀ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းလာခဲ့ပြီး ယင်းသည် ငါးလတိုင်တိုင် ဆက်တိုက်ကျဆင်းလာခြင်းဖြစ်သည်။

နောက်ဆုံးအကြိမ် အခြေခံငွေကြေးဖောင်းပွမှုသည် ၀ ဒသမ ၆ ရာခိုင်နှုန်းအောက် ကျဆင်းခဲ့သည်မှာ ၂၀၂၁ ခုနှစ် မတ်လက ဖြစ်ပြီး ထိုစဉ်က ၀ ဒသမ ၅ ရာခိုင်နှုန်း ရှိခဲ့သည်။

လအလိုက် ကြည့်ပါက အခြေခံငွေကြေးဖောင်းပွမှုသည် နေအိမ်နှင့် သီးသန့်သယ်ယူပို့ဆောင်ရေးကို ထည့်သွင်းမတွက်ချက်ပါက ၀ ဒသမ ၁ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။ **Mon**

**STOP AIDS**



## ပါလီမန်ဖျက်သိမ်းရန်နှင့် ရွေးကောက်ပွဲကျင်းပရန် ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေး အတည်ပြုကြေညာ

**အော့တဝါ မတ် ၂၄**

ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးသည် ပါလီမန်ကို ဖျက်သိမ်းရန်နှင့် ဧပြီ ၂၈ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် ယမန်နေ့က အတည်ပြုကြေညာလိုက်ပြီဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်နှင့် တင်းမာမှုများ မြင့်တက်နေသည့်အချိန်တွင် ဂျပ်စတင်ထရူဒိုး၏နေရာ၌ဆက်ခံကာ ဝန်ကြီးချုပ်ရာထူးရယူခဲ့ပြီး ရက်သတ္တ နှစ်ပတ် မပြည့်မီတွင် ကာနေး၏ ကျယ်ပြန့်စွာမျှော်လင့်ထားချက်အရ ရွေးကောက်ပွဲရက်ကို သတ်မှတ်အတည်ပြုလိုက်ခြင်းဖြစ်သည်။

သမ္မတ ဒေါနယ်လ်ထရမ့်၏ မတရားသော ကုန်သွယ်ရေးလုပ်ဆောင်ချက်များနှင့် မိမိတို့၏ အချုပ်အခြာအာဏာကို ခြိမ်းခြောက်မှုများကြောင့် ကနေဒါနိုင်ငံအနေဖြင့် သမိုင်းတစ်လျှောက် အကြီးမားဆုံး အကျပ်အတည်းကို ရင်ဆိုင်နေရကြောင်း လစ်ဘရယ်ပါတီခေါင်းဆောင် ကာနေးက အော့တဝါမြို့တွင် သတင်းထောက်များကို ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့နောက် ပါလီမန်ဖျက်သိမ်းရန်အတွက် ဘုရင်ခံချုပ်နှင့် တွေ့ဆုံခဲ့သည်။

သမ္မတထရမ့်ကို ရင်ဆိုင်ဖြေရှင်းရန်နှင့် လူတိုင်းအတွက် အလုပ်ဖြစ်စေမည့် ကနေဒါနိုင်ငံ၏ စီးပွားရေးစနစ်သစ်ကို တည်ဆောက်ရန် ကနေဒါနိုင်ငံသားများဘက်မှ အားကောင်းသော၊ အပြုသဘောဆောင်သောအပြောင်းအလဲကို လိုအပ်နေပြီဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထိုရွေးကောက်ပွဲကို အောက်တိုဘာ ၂၀ ရက်မတိုင်မီ ကျင်းပလျှင်ဖြစ်သော်လည်း အစောပိုင်းမဲပေးခြင်းသည် ၎င်း၏ လစ်ဘရယ်ပါတီအတွက် အကျိုးများလိမ့်မည်ဟု ကာနေးက မျှော်လင့်ထားကြောင်း သိရသည်။

**Mon**

## ၄၃ နှစ်အရွယ် အမှုဆောင်ရှေ့နေဟောင်း ဂျက်ဆီကာအေဘာ အိမ်တစ်အိမ်၌ သေဆုံးနေသည်ကို တွေ့ရှိခဲ့ပြီး စုံစမ်းနေဆဲဖြစ်

**ဝါရှင်တန် မတ် ၂၄**

အမေရိကန် အရှေ့ပိုင်း ဗာဂျီးနီးယားခရိုင်၏ ယခင်အမှုဆောင်ရှေ့နေဖြစ်သူ ဂျက်ဆီကာအေဘာ မတ် ၂၂ ရက် နံနက်ပိုင်းတွင် အိမ်တစ်အိမ်၌ သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဗာဂျီးနီးယားပြည်နယ်၊ အလက်ဇန်းဒရီးယားမြို့ရှိ ရဲတပ်ဖွဲ့က ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၈ မိနစ်တွင် တုံ့ပြန်မှုမရှိသော အမျိုးသမီးတစ်ဦးကိုတွေ့ရှိကြောင်း အစီရင်ခံခဲ့သည်။

ထိုသို့ တုံ့ပြန်မှုမရှိသော အမျိုးသမီးသည် သေဆုံးနေကြောင်း သက်ဆိုင်ရာရဲအရာရှိများတွေ့ရှိခဲ့ပြီးနောက် ဆက်လက်စုံစမ်းစစ်ဆေးခဲ့ရာမှ ၎င်းသည် ဂျက်ဆီကာအေဘာဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

အသက် ၄၃ နှစ်အရွယ် ဂျက်ဆီကာအေဘာသည် ၂၀၂၁ ခုနှစ်တွင် ယခင်သမ္မတ ဂျိုးဘိုင်ဒင်လက်ထက်တွင် အမှုဆောင်ရှေ့နေအဖြစ် ခန့်အပ်ခံခဲ့ရသော်လည်း ဒေါနယ်လ်ထရမ့် အာဏာရလာသောအခါ ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ရာထူးမှ နုတ်ထွက်ခဲ့သည်။

၎င်း၏ သေဆုံးမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေပြီး ဗာဂျီးနီးယား၏ အကြီးတန်း မှုခင်းဆေးပညာစစ်ဆေးသူက သေဆုံးရခြင်းအကြောင်းရင်းကို ဆုံးဖြတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **Mon**




## ယူရိုငွေကြေးသည် ဆက်တိုက် သုံးကြိမ်ကျဆင်းပြီးနောက် ဒေါ်လာတန်ဖိုး သုံးပတ်အတွင်း အမြင့်ဆုံးနီးပါးသို့ ရောက်ရှိ

**ဝါရှင်တန် မတ် ၂၄**



အမေရိကန်သမ္မတ ဒေါနယ်လ်ထရမ့်၏ နောက်ထပ်ကုန်သွယ်ခွန်များနှင့်ပတ်သက်၍ ရှင်းလင်းချက်ကို စောင့်ဆိုင်းနေစဉ် ဒေါ်လာသည် မတ် ၂၄ ရက်တွင် အဓိကငွေကြေးများနှင့် နှိုင်းယှဉ်ပါက သုံးပတ်အတွင်း အမြင့်ဆုံးနီးပါးသို့ရောက်ရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယူရိုငွေကြေးသည် ဆက်တိုက် သုံးကြိမ်ကျဆင်းပြီးနောက် အနည်းငယ်တက်လာခဲ့ပြီး ယန်းငွေကြေးမှာ အမေရိကန်ငွေကြေးနှင့်နှိုင်းယှဉ်ပါက ယခုအပတ်ဈေးကွက်အဖွင့်၌ အနည်းငယ်ကျဆင်းခဲ့သည်။ အမေရိကန်ငွေကြေး အတိုးနှုန်းများတက်လာမှုကြောင့် ထိုသို့ တန်ဖိုးများ ပြောင်းလဲခဲ့ခြင်း ဖြစ်သည်။

အမေရိကန်ဒေါ်လာအညွှန်းကိန်းသည် ဂရင်းနစ်စံတော်ချိန် ၀၅၂၅ နာရီအချိန်တွင် ၁၀၄ ဒသမ ၁၅ တစ်ဝိုက်၌ ရပ်တန့်နေခဲ့ရာ မတ် ၇ ရက်က ပထမဆုံးအကြိမ် ၁၀၄ ဒသမ ၂၂ သို့ ရောက်ရှိခဲ့ပြီးနောက် ပြန်ကျလာခဲ့ခြင်းဖြစ်သည်။ ယခင်အပတ်က ယင်းအညွှန်းကိန်း ၀ ဒသမ ၄ ရာခိုင်နှုန်း တက်လာခဲ့ပြီး ယခုလအတွင်း ပထမဆုံးအကြိမ် အပတ်စဉ်တိုးတက်မှုဖြစ်သည်။

ဈေးကွက်မှယူဆချက်များအရ ထရမ့်သည် စီးပွားရေးတိုးတက်မှုကို အမြန်ဆုံးဖြစ်စေမည့် မူဝါဒများကို ချမှတ်မည်ဟု ယူဆခဲ့ကြသော်လည်း နောက်ပိုင်းတွင် သမ္မတ၏ ရဲရင့်ပြီး မတည်ငြိမ်သော ကုန်သွယ်ရေးမူဝါဒများက စီးပွားရေးကျဆင်းမှုကို ဖြစ်စေနိုင်သည်ဟူသော စိုးရိမ်မှုများအဖြစ် ပြောင်းလဲသွားခဲ့သောကြောင့်ပင် ဖြစ်သည်။

နောက်ထပ်ကုန်သွယ်ခွန်များသည် ဧပြီ ၂ ရက်တွင် စတင်မည်ဖြစ်ပြီး ထိုနေ့တွင် အိမ်ဖြူတော်မှ နိုင်ငံများစွာအပေါ် ပြန်လည်ကောက်ခံမည့်အခွန်များကို ကြေညာမည်ဖြစ်ကြောင်း သိရသည်။ **Mon**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများဟောပြော အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**မန္တလေး မတ် ၂၄**

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်မတော်တဆမှုများ လျော့နည်းစေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တက္ကသိုလ်များ၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် ဌာနဆိုင်ရာများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များပေးဝေခြင်းများဆောင်ရွက်လျက်ရှိရာ မတ်၂၃ရက် မွန်းလွဲ ၁နာရီမှ ၃နာရီအထိ စစ်ကိုင်းမြို့ လေးကျွန်းမြေအုဋ္ဌ်ကျောင်းတွင်ဖွင့်လှစ်လျက်ရှိသော နွေရာသီယဉ်ကျေးလိမ္မာ သင်တန်းသား၊ သင်တန်းသူများအား အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဟောပြောဆွေးနွေးခဲ့သည်။



တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းခြင်းကြောင့် ယာဉ်မတော်တဆမှုများ နေ့စဉ်ဖြစ်ပွားနေပြီး အသက်များဆုံးရှုံးမှုဖြစ်ပေါ်လျက်ရှိရာ လမ်းအသုံးပြုသူများကိုယ်တိုင် ပူးပေါင်းပါဝင်မှသာထိရောက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများလျော့နည်းလာမည်ဖြစ်ကြောင်း ပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများသိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားကာ လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၀၄၅)

## မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်း ဆောင်ရွက်

**မကွေး မတ် ၂၄**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၌ မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းကို မတ် ၂၂ရက် မွန်းလွဲ ၁နာရီက မကွေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးတွင် ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးဦးစိုးသူ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ရုံးအတွင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မကွေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးဝန်ထမ်းများအား မီးသတ်ဆေးဘူးကို စနစ်တကျကိုင်တွယ် အသုံးပြုတတ်စေရန် ရှင်းလင်းပြောကြားပြီးနောက် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြသခဲ့သည်။

ပူပြင်းခြောက်သွေ့သောနွေရာသီသို့ ကူးပြောင်းရောက်ရှိလာပြီးဖြစ်သဖြင့် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးလုံခြုံရေးအတွက် စက်ရုံ၊ အလုပ်ရုံများ စစ်ဆေးခြင်း၊ စက်သုံးဆီဆိုင်များ၊ ဈေးများ၊ ဟိုတယ်၊ မိုတယ်များ၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ သာသနိကအဆောက်အအုံများ၊ ရုံးဌာနများ၊ ရပ်ကွက်၊ ကျေးရွာများတွင် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မီးသတိမူရေးနှိုးဆော်ခြင်း၊ မီးဘေးလုံခြုံရေးအသိပညာပေးခြင်း ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ) ဝင်းအိမွန်(ပြန်/ဆက်)



## ကျန်းမာရေးအထောက်အကူပြုပစ္စည်းများရောင်းချနေမှုအား ဈေးကွက်စောင့်ကြည့်စစ်ဆေး

**မိတ္ထီလာ မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ပေါ်ရှိ ဆေးဆိုင်များတွင် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ရောင်းချနေမှုအား ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူပြည်သူများ ကုန်စည်နှင့်ဝန်ဆောင်မှုများ သုံးစွဲရာတွင် ထိခိုက်နစ်နာမှုမရှိစေရေး၊ လုံခြုံစိတ်ချမှု မရှိသော ကုန်စည်များ လျော့နည်းပပျောက်သွားစေရေးတို့အတွက် နေရာစုံ၌ နည်းလမ်းပေါင်းစုံဖြင့် စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် စားသုံးသူပြည်သူတစ်ရပ်လုံးကို အသိပညာပေးလျက်ရှိရာ တစ်ဖက်မှလည်း ဈေးကွက်များအတွင်း ရောင်းချမှုမရှိစေရေး ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံနှင့်အဖွဲ့သည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မိတ္ထီလာမြို့ပေါ်ရှိ ဆေးနှင့်ဆေးဝါးပစ္စည်းရောင်းချနေသော ဆိုင်များအား ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**



ယင်းသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပူးပေါင်းအဖွဲ့ဝင်များသည် ဆေးနှင့်ဆေးပစ္စည်းရောင်းချသော ဆေးဆိုင်များတွင် ကျန်းမာရေးအထောက်အကူပြု အသုံးအဆောင်ပစ္စည်းများဖြစ်သော သွေးပေါင်ချိန်စက်၊ ဆီချိုသွေးချိုတိုင်းစက်၊ ကွန်ဒုံး၊ ဆီးစစ်ကိရိယာ စသည့်ပစ္စည်းအမျိုးမျိုးနှင့် သက်ဆိုင်ရာဌာန ထောက်ခံချက်ပါဝင်သော ဆေးဝါးများ၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းများနှင့် ကိုက်ညီသော ဆေးဝါးများသာ ရောင်းချစေရေးတို့အတွက် စစ်ဆေးမှုများ ဆောင်ရွက်ကြပြီး စစ်ဆေးမှုများအရ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော ကျန်းမာရေးအထောက်အကူပြုအသုံးအဆောင်ပစ္စည်းအမျိုးမျိုးနှင့် ဆေးဝါးများကိုသာ ရောင်းချမှုရှိကြောင်း သိရသည်။

(၄၆၉)

## ကျိုင်းတုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၂ ရက် ည ၈နာရီ ၁၅မိနစ်က သက်သေများနှင့်အတူ ကျိုင်းတုံမြို့နယ်၊ ပန်ဟုန်းကျေးရွာ၊ ကျိုင်းတုံ-တာချီလိတ်သွားကားလမ်းတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ကျာစော မောင်းနှင်ပြီး ကျကျိုးလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ခွကြားတွင် သယ်ဆောင်လာသော ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀,၀၀၀ အားတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျာစော(၃၇)နှစ်နှင့် ကျကျိုး(၅၀)နှစ်တို့အား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဝမ်းတွင်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မတ် ၂၁ ရက် ညနေ ၆နာရီခွဲက သက်သေများနှင့်အတူ ဝမ်းတွင်းမြို့နယ်၊ ဒါးဟတ်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ပြည့်ဖြိုးဝင်း(ခ)အာပူတူး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းထံမှစိတ်ကြွရူးသွပ်ဆေးပြား ၆,၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အားတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ပြည့်ဖြိုးဝင်း(ခ)အာပူတူး(၃၇) နှစ်အား ဝမ်းတွင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



**မီး သတိပြု။**



# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင်ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၃၀ နှင့် လာအိုနိုင်ငံသား ၂၃ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၃၀ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်း

နေပြည်တော် မတ် ၂၄

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ(Trilateral Cooperation)တို့ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့- မယ်ထော်သလေးနယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၃၀ နှင့် လာအိုနိုင်ငံသား ၂၃ ဦးတို့ကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးခဲ့ကာ ပြည်ပနိုင်ငံသား ၂၃၀ ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ဦးစွာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးမည့် ပြည်ပနိုင်ငံသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးအစရှိသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



**လွှဲပြောင်းပေးအပ်**

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကျင်းပရာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံရုံး(ရန်ကုန်)မှ Third Secretary Mr.Peter John V. Dela Fuente နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ လာအိုသံရုံးမှ Third Secretary Mr.Heuangchalern Phommasone နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

အလားတူ ယနေ့တွင် မြဝတီမြို့ မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၃၀ ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များ၊ မှတ်တမ်းများ စာရင်းကောက်ယူခြင်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၈၄၃၂ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ဦးရေ ၅၂၀၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား၃၂၃၂ ဦးကိုသက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# လုံခြုံရေးတပ်ဖွဲ့ဝင်များက ရေစကြိုမြို့နယ် ရေလယ်ကျွန်းဒေသ မိုးဖြူကျေးရွာနှင့် မိုးကွဲကျေးရွာရှိ သက်ကြီးရွယ်အိုနှင့်ကလေးများအပါအဝင် ဒေသခံပြည်သူ ၅၀ ကျော်ကို ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း မဟုတ်မမှန် သတင်းအမှားများ ရေးသားဖြန့်ဝေ

နေပြည်တော် မတ် ၂၄

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရေလယ်ကျွန်းဒေသ မိုးဖြူကျေးရွာနှင့် မိုးကွဲကျေးရွာတို့ကို မတ် ၂၁ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ပြီး သက်ကြီးရွယ်အိုနှင့် ကလေးငယ်များအပါအဝင် ဒေသခံပြည်သူ ၅၀ ကျော်ကိုပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက် မီဒီယာများက မဟုတ်မမှန် သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်း ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါနေ့ရက်တွင် လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့သော်လည်း အေးချမ်းစွာ နေထိုင်နေသည့် ဒေသခံပြည်သူများအား အကြောင်းမဲ့ ဖမ်းဆီးခြင်းမရှိကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများကသာ ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့်ဒေသခံပြည်သူများ၊ အစိုးရဝန်ထမ်းများနှင့် ရဟန်းသံဃာများအား ခေါင်းစဉ်အမျိုးမျိုးပြ၍ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင် အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ ယုတ်မာရက်စက်သည့် လုပ်ရပ်များကို ဖုံးကွယ်ပေးရန်နှင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်နေခြင်းဖြစ်ကြောင်း သိရသည်။ သတင်းစဉ်




★ မြန်မာမှ

မြန်မာပိုက်ကျော်ခြင်းအသင်းအတွက် ရွှေတံဆိပ်ဆုကို အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ရယူနိုင်ခဲ့ပြီး ငွေတံဆိပ်နှစ်ခုကို အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား+အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲ၊ ကြေးတံဆိပ်တစ်ခုကို အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုပွဲများတွင် ပိုလန်အသင်းကို နှစ်ပွဲပြတ်၊ အီရန်အသင်းကို နှစ်ပွဲပြတ်၊ ဆီမီးဖိုင်နယ်တွင် ဂျပန်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ဗိုလ်လုပွဲတွင် အိမ်ရှင်အိန္ဒိယကို နှစ်ပွဲပြတ်တို့ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ငွေတံဆိပ်ဆုရခဲ့သည့် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား+အမျိုးသမီး လေးယောက်တွဲ ပြိုင်ပွဲတွင် ထိုင်းအသင်းကို ဗိုလ်လုပွဲတွင် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

**ထပ်မံယှဉ်ပြိုင်**

မြန်မာပိုက်ကျော်ခြင်းအသင်းသည် ၂၀၂၅ ခုနှစ်အတွင်းပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် ISTAF World Cup 2025 ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး (၃၃)ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင်မှုအဖြစ် အခြားနိုင်ငံတကာ ပြိုင်ပွဲများလည်း ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။

သတင်း - ရှိုင်းထက်ဇော်
ဓာတ်ပုံ - Sepaktakraw India

# မြန်မာ့လက်ရွေးစင်အသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားမည်

မန္တလေး မတ် ၂၄

2027 AFC Asian Cup Qualification - third round 2027 အာရှဖလားခြေစမ်းပွဲ တတိယအဆင့် အုပ်စု(C) ပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် အာဖဂန်နစ္စတန် အသင်းတို့ မတ် ၂၅ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ဦးမျိုးလှိုင်ဝင်း(နည်းပြချုပ်၊ မြန်မာ့လက်ရွေးစင်အသင်း)က "မနက်ဖြန်ပွဲစဉ်က အဖွင့်ပွဲစဉ်ဖြစ်တဲ့အတွက် အရေးကြီးပါတယ်။ အိမ်ကွင်းမှာ ကစားရတဲ့အတွက် ကျွန်တော်တို့အတွက် အားသာချက်လည်း ဖြစ်မှာပါ။ အာဖဂန်နစ္စတန်အသင်းရဲ့ ခြေစွမ်းကိုလည်း သေချာလေ့လာပြီး ပြင်ဆင်ထားပါတယ်"ဟု ပြောသည်။

သီဟဇော်(ကွင်းလယ်ကစားသမား၊ မြန်မာ့လက်ရွေးစင်အသင်း)က မနက်ဖြန်ပွဲက အရေးကြီးပါတယ်။ အာဖဂန်နစ္စတန်အသင်းရဲ့ ခြေစွမ်းကိုလည်း လေ့လာထားပါတယ်။ ကျွန်တော်တို့အတွက်က ပရိသတ်တွေလည်း ရှိနေမှာဖြစ်လို့ အိမ်ကွင်းအားသာချက်လည်း ရှိနေပါတယ်။ ပရိသတ်တွေကိုလည်း လာရောက်အားပေးကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် 2027 AFC Asian Cup Qualification - third round ၂၀၂၇ အာရှဖလားခြေစမ်းပွဲ တတိယအဆင့် အုပ်စု(C)ပွဲစဉ်အဖြစ် မတ် ၂၅ ရက် ညနေ ၅ နာရီအချိန်တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ အာဖဂန်နစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(ယာဖုံ)
(NGB)






## နည်းပြ သီယာဂိုမော့တာအား နည်းပြရာထူးမှ ဂျူဗင်တပ်အသင်းထုတ်ပယ်

တူရင် မတ် ၂၄

ဂျူဗင်တပ်အသင်းသည် အသင်းနည်းပြ သီယာဂိုမော့တာအား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါနည်းပြသည် ဂျူဗင်တပ်အသင်းအား ၂၀၂၄ခုနှစ် ဇူလိုင် ၁ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၄၂ပွဲတွင် ၁၈ပွဲနိုင်၊



၁၇ပွဲသရေ၊ ၇ပွဲရှုံး ရလဒ်ပိုင်ဆိုင်ပြီး ထင်သလောက် ရလဒ်များကောင်းမွန်ခြင်းမရှိသည့်အပြင် အသင်းတာဝန်ရှိသူများနှင့်အဆင်မပြေခြင်းကြောင့် နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းထုတ်ပြန်ချက်တွင် နည်းပြ သီယာဂိုမော့တာအား ထုတ်ပယ်ပြီးနောက်ချက်ချင်းဆိုသလိုပင် အသင်းကစားသမားဟောင်းဖြစ်သူ တူဒေါ်အား နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့သည်။

ဂျူဗင်တပ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ စီးရီးအေပွဲစဉ် ၂၉ပွဲကစားအပြီးတွင် ရမှတ် ၅၂ မှတ်ဖြင့် အဆင့် ၅ နေရာတွင် ရပ်တည်ခဲ့သည်။

(ဝဲပုံ) (NGB)



## ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ထွက်ပေါ်

လန်ဒန် မတ် ၂၄

ယူအီးအက်ဖ်အေ နေရှင်းလိဂ် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဆီမီးဖိုင်နယ်အဆင့်တွင် ဂျာမနီအသင်းနှင့် ပေါ်တူဂီအသင်း၊ စပိန်အသင်းနှင့် ပြင်သစ်အသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို လာမည့် ဇွန်(၅၊ ၆)ရက်များတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး တတိယနေရာလုပွဲအား ဇွန် ၈ ရက်နှင့် ဗိုလ်လုပွဲစဉ်အား ဇွန် ၉ ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ)
(NGB)

## ချာကီအား ခေါ်ယူရန် လီဗာပူးအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ အပြိုင်စိတ်ဝင်စား

လန်ဒန် မတ် ၂၄

လီဗာပူးအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့သည် လိုင်ယွန်အသင်း တောင်ပံကစားသမား ချာကီအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် လိုင်ယွန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၅ ပွဲကစားပြီး ၂၅ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းနှင့် လိုင်ယွန်အသင်းတို့က အပြိုင်စိတ်ဝင်စားလာခြင်းဖြစ်သည်။

လိုင်ယွန်အသင်းကလည်း ချာကီအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် လီဗာပူးအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့အနေဖြင့် လိုင်ယွန်အသင်းထံမှ ချာကီအား မည်သည့်အသင်းကလက်ဦးမှုရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)
(NGB)



## 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ Casper Ruud တက်ရောက်

မိုင်ယာမီ မတ် ၂၄

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ နော်ဝေတင်းနစ် ကစားသမား Casper Ruud တက်ရောက်ခဲ့သည်။

အဆိုပါ နော်ဝေတင်းနစ်ကစားသမား Casper Ruud သည် 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲတတိယအဆင့်တွင် ချီလီတင်းနစ်ကစားသမား Alejandro



Tabilo အား ၆-၄၊ ၇-၆ ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့သည်။

2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲစတုတ္ထအဆင့်တွင် နော်ဝေတင်းနစ်ကစားသမား Casper Ruud နှင့် အာဂျင်တီးနား တင်းနစ်ကစားသမား Francisco Cerundolo တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ (နိုင်ကမ္ဘာ)

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၅-၃-၂၀၂၅ အင်္ဂါနေ့ | ညနေ ၆း၃၀ နာရီ | ကမ္ဘောဒီးယား - အရူဘာ |
| ။ | ည ၁၁း၃၀ နာရီ | ရုရှား - ဇမ်ဘီယာ |
| ၂၆-၃-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၀း၁၅ နာရီ | အဇာဘိုင်ဂျန် - ဘီလာရုစ် |
| ။ | နံနက် ၀၀း၃၀ နာရီ | ဆွီဒင် - မြောက်အိုင်ယာလန် |
| ။ | နံနက် ၀၂း၁၅ နာရီ | ဆွစ်ဇာလန် - လူဇင်ဘတ် |

### ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(တောင်အမေရိကဇုန်-ခြေစစ်ပွဲ)(ပွဲစဉ်-၁၄)ဇယား (နိုင်ကမ္ဘာ)

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(နောက်ဆုံး ၅ ပွဲရလဒ်) | ပထမအကျော့ရလဒ် |
|---|---|---|---|
| ၂၆-၃-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၃း၃၀ နာရီ | (၇)ဘိုလီးဗီးယား - ဥရုဂွေး(၄) (W,L,L,D,L) (L,D,W,D,L) | ဥရုဂွေး ၃-၀ ဘိုလီးဗီးယား |
| ။ | နံနက် ၀၆း၃၀ နာရီ | (၈)ဗင်နီဇွဲလား - ပီရူး(၉) (D,L,D,L,L) (W,L,D,L,W) | ပီရူး ၁-၁ ဗင်နီဇွဲလား |
| ။ | ။ | (၆)ကိုလံဘီယာ - ပါရာဂွေး(၅) (L,W,L,L,L) (D,W,W,D,W) | ပါရာဂွေး ၀-၁ ကိုလံဘီယာ |
| ။ | ။ | (၁)အာဂျင်တီးနား - ဘရာဇီး(၃) (D,W,L,W,W) (W,W,D,D,W) | ဘရာဇီး ၀-၁ အာဂျင်တီးနား |
| ။ | ။ | (၁၀)ချီလီ - အီကွေဒေါ(၂) (L,L,D,W,L) (D,D,W,W,W) | အီကွေဒေါ ၁-၀ ချီလီ |

### ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ (ဥရောပဇုန်-အုပ်စုအဆင့်) (ပွဲစဉ်-၂)ဇယား (နိုင်ကမ္ဘာ)

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|---|
| ၂၅-၃-၂၀၂၅ အင်္ဂါနေ့ | ည ၁၁း၃၀ နာရီ | I | မော်လ်ဒိုဗာ - အက်စ်တိုးနီးယား | အက်စ်တိုးနီးယား ၁-၀ မော်လ်ဒိုဗာ |
| ၂၆-၃-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၂း၁၅ နာရီ | I | အစ္စရေး - နော်ဝေ | အစ္စရေး ၀-၁ နော်ဝေ |
| ။ | ။ | J | လစ်ချင်စတိန်း - ကာဇက်စတန် | - |
| ။ | ။ | J | မြောက်မက်ဆီဒိုးနီးယား - ဝေးလ်စ် | ဝေးလ်စ် ၁-၀ မြောက်မက်ဆီဒိုးနီးယား |
| ။ | ။ | L | ဂျီဘရော်လ်တာ - ချက် | - |
| ။ | ။ | L | မွန်တီနီဂရိုး - ဖာရိုးကျွန်းစုများ | - |

### ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(အာရှဇုန် ခြေစစ်ပွဲ-တတိယအဆင့်)(ပွဲစဉ်-၈)ဇယား (နိုင်ကမ္ဘာ)

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပထမအကျော့ရလဒ် |
|---|---|---|---|---|
| ၂၅-၃-၂၀၂၅ အင်္ဂါနေ့ | ညနေ ၅း၀၅ နာရီ | C | ဂျပန် - ဆော်ဒီအာရေဗျ | ဆော်ဒီအာရေဗျ ၀-၂ ဂျပန် |
| ။ | ညနေ ၅း၃၀ နာရီ | B | တောင်ကိုရီးယား - ဂျော်ဒန် | ဂျော်ဒန် ၀-၂ တောင်ကိုရီးယား |
| ။ | ။ | C | တရုတ် - ဩစတြေးလျ | ဩစတြေးလျ ၃-၁ တရုတ် |
| ။ | ည ၈း၁၅ နာရီ | A | ကာဂျစ္စတန် - ကာတာ | ကာတာ ၃-၁ ကာဂျစ္စတန် |
| ။ | ။ | C | အင်ဒိုနီးရှား - ဘာရိန်း | ဘာရိန်း ၂-၂ အင်ဒိုနီးရှား |
| ။ | ည ၁၀း၃၀ နာရီ | A | အီရန် - ဥဇဘက်ကစ္စတန် | ဥဇဘက်ကစ္စတန် ၀-၀ အီရန် |
| ၂၆-၃-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၀း၄၅ နာရီ | A | မြောက်ကိုရီးယား - ယူအေအီး | ယူအေအီး ၁-၁ မြောက်ကိုရီးယား |
| ။ | ။ | B | ကူဝိတ် - အိုမန် | အိုမန် ၄-၀ ကူဝိတ် |
| ။ | ။ | B | ပါလက်စတိုင်း - အီရတ် | အီရတ် ၁-၀ ပါလက်စတိုင်း |

### ၂၀၂၇ အာရှဖလား ဘောလုံးပြိုင်ပွဲ(ခြေစစ်ပွဲ-တတိယအဆင့်)(ပွဲစဉ်-၁)ဇယား (နိုင်ကမ္ဘာ)

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|---|
| ၂၅-၃-၂၀၂၅ အင်္ဂါနေ့ | ညနေ ၅း၀၀ နာရီ | D | တရုတ်တိုင်ပေ - တာမင်နစ္စတန် | တာမင်နစ္စတန် ၂-၁ တရုတ်တိုင်ပေ |
| ။ | ။ | E | မြန်မာ - အာဖဂန်နစ္စတန် | - |
| ။ | ညနေ ၅း၃၀ နာရီ | A | တာဂျစ်ကစ္စတန် - တီမော | - |
| ။ | ။ | A | ဖိလစ်ပိုင် - မော်လ်ဒိုက်စ် | ဖိလစ်ပိုင် ၁-၁ မော်လ်ဒိုက်စ် |
| ။ | ညနေ ၆း၃၀ နာရီ | B | ဘူတန် - ယီမင် | ယီမင် ၄-၀ ဘူတန် |
| ။ | ည ၇း၀၀ နာရီ | C | စင်ကာပူ - ဟောင်ကောင် | ဟောင်ကောင် ၁-၁ စင်ကာပူ |
| ။ | ။ | D | ထိုင်း - သီရိလင်္ကာ | သီရိလင်္ကာ ၀-၂ ထိုင်း |
| ။ | ။ | F | ဗီယက်နမ် - လာအို | လာအို ၁-၄ ဗီယက်နမ် |
| ။ | ည ၈း၀၀ နာရီ | C | အိန္ဒိယ - ဘင်္ဂလားဒေ့ရှ် | ဘင်္ဂလားဒေ့ရှ် ၁-၁ အိန္ဒိယ |
| ။ | ည ၈း၃၀ နာရီ | F | မလေးရှား - နီပေါ | မလေးရှား ၂-၀ နီပေါ |
| ၂၆-၃-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၀း၃၀ နာရီ | E | ဆီးရီးယား - ပါကစ္စတန် | ဆီးရီးယား ၂-၀ ပါကစ္စတန် |
| ။ | နံနက် ၀၁း၀၀ နာရီ | B | လက်ဘနွန် - ဘရူနိုင်း | - |

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်လှစ်ခြင်း၊ အရိပ်ရအပင်များ စုပေါင်းစိုက်ပျိုးခြင်း အခမ်းအနားများ ကျင်းပ

**မန္တလေး မတ် ၂၄**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောင်မြေသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်များတွင် နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်လှစ်ခြင်းနှင့် ရတနာပုံဥယျာဉ်တွင် အရိပ်ရအပင်များ စုပေါင်းစိုက်ပျိုးခြင်း အခမ်းအနားများကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်လွန်ကတ္တရာလမ်းသစ်များ ဖွင့်လှစ်သည့် အခမ်းအနားဖြစ်ပါကြောင်း၊ မန္တလေးမြို့တော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့နေလူထုစိတ်ချမ်းမြေ့စေရန်၊ အချိန်တိုအတွင်း သွားလာမှု အဆင်ပြေချောမွေ့လွယ်ကူစွာရှိစေရန် လမ်းများကို မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး၊ ယာဉ်ကြောကျပ်တည်းဖြစ်ပွားမှုများ လျှော့ချနိုင်ရေး အတွက် အလေးထားကာ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သည့် ၁၀ လမ်းသည် မန္တလေးမြို့မြောက်ဘက် အစွန်ဆုံးလမ်းဖြစ်ပြီး အရှေ့မြို့ပတ်လမ်းနှင့် ဆက်သွယ်ထားသည့်အဓိကကျသည့် လမ်းတစ်လမ်းဖြစ်ပါကြောင်း၊ ဒေါနဘွားကားကြီးဝင်း တည်ရှိသည့်အတွက် ကုန်စည်စီးဆင်းမှု လွယ်ကူစေမည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရန် အထောက်အကူပြုသည့် လမ်းလည်းဖြစ်ပါကြောင်း၊ အလားတူ ၃၅ လမ်းသည် မန္တလေးမြို့အလယ်ဗဟိုတွင်တည်ရှိပြီး အရှေ့မြို့ပတ်လမ်းမှ အနောက်မြို့ပတ်ကမ်းနားလမ်းအထိ တစ်ဖြောင့်တည်းသွားလာနိုင်သည့် အရှေ့နှင့် အနောက် ဆက်သွယ်ပေးထားသည့် အဓိကလမ်းမကြီး ဖြစ်ပါကြောင်း၊ အဆိုပါ လမ်း၂လမ်းအား နိုင်လွန်ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်ခင်းပေးထားကာ လိုအပ်သည့်နေရာများတွင် တံတားများ ဘေးချဲ့ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး စုစုပေါင်းကုန်ကျငွေကျပ်(၉၉၈ ဒသမ ၆၈၇) သန်း အသုံးပြုဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စအဝဝတို့ ဆက်သွယ်ဆောင်ရွက်ကြရာတွင်များစွာ အထောက်အကူပြုသည့် လမ်းများဖြစ်ပါကြောင်းနှင့် ရေရှည်ကောင်းမွန်တည်တံ့ရေး ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်းက ယခုဖွင့်လှစ်လိုက်သည့် လမ်းများအနေဖြင့် ၁၀လမ်း (၆၂ လမ်းမှ အရှေ့မြို့ပတ်လမ်းအထိ) အကျယ်(၃၄)ပေ၊ အရှည် (၃၂၃၃)ပေ နိုင်လွန်ကတ္တရာခင်းခြင်းအတွက် ငွေကျပ်(၄၈၄ ဒသမ ၅၅၃)သန်းနှင့် ၃၅ လမ်း (၈၆လမ်းမှ မြို့ပတ်ကမ်းနားလမ်းအထိ) အကျယ်(၄၈)ပေ၊ အရှည်(၄၅၃၉)ပေ တို့အား နိုင်လွန်ကတ္တရာခင်းခြင်းအတွက် ငွေကျပ်(၅၁၄ ဒသမ ၁၃၄)သန်းဖြင့် ဆောင်ရွက်ပေးခဲ့မှု၊ နှစ်အလိုက် ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ မြို့ပေါ်ရှိလမ်းများတိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လုပ်ငန်းဆောင်ရွက်ပေးနေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

၎င်းနောက် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲအမှတ်တရလက်ဆောင်များ ပေးအပ်ကာ လမ်းတစ်လျှောက် ကြည့်ရှု၍ မြို့မိမြို့ဖများအား ရင်းနှီးစွာ လိုက်လံနှုတ်ဆက်ကာ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် မြို့တွင်းရှိ လမ်းမကြီးအား သန့်ရှင်းသပ်ရပ်မှုရှိစေရန် ရေများဖြင့် ဆေးကြောသန့်ရှင်းခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်ကြောပြ အမှတ်အသားများ ပေါ်လွင်ထင်ရှားစေရန် ဆေးကြောခြင်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် ရတနာပုံဥယျာဉ်တွင် ကျင်းပသည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကံ့ကော်ပင်များနှင့် စံပယ်ပင်များ စိုက်ပျိုးခြင်း အခမ်းအနားသို့ ရောက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးတို့က ကံ့ကော်ပင်များကို စတင်စိုက်ပျိုးပေး၍ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကံ့ကော်ပင်များနှင့် စံပယ်ပင်များကို စိုက်ပျိုးကြပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် စုပေါင်း၍ သစ်ပင်စိုက်ပျိုးနေသူများကို နှုတ်ဆက်အားပေးခဲ့သည်။ ယနေ့စိုက်ပျိုးမှုတွင် ကံ့ကော်ပင် ၁၀၀ ပင်နှင့် စံပယ်ပင် ၁၀၀ ပင် တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**









# မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့နှင့် ခရိုင်၊ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၅)ကျင်းပ

**မန္တလေး မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့နှင့် ခရိုင်၊ မြို့နယ်ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်း ဒေသကြီး အစိုးရအဖွဲ့ရုံး အစည်း အဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တက် ရောက်ခဲ့သည်။

အစည်းအဝေး၌ တိုင်းဒေသ ကြီး ဝန်ကြီးချုပ်က အဖွင့်အမှာ စကားပြောကြားရာတွင် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့ စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁) မှ သင်တန်းအမှတ်စဉ် (၁၁)အထိ သင်တန်းများ ဖွင့်လှစ်ပြီးဖြစ်ပါ ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို ဆောင်ရွက်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်း ဥပဒေများကို ပြဋ္ဌာန်းပြီးဖြစ်ပါ ကြောင်း၊ စဉ်ဆက်မပြတ်ဆောင် ရွက်ရမည်ဖြစ်သည့်အတွက် ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြား ချက်များအတိုင်း အပြည့်အဝလေး စားလိုက်နာပြီး အဂတိတရား ကင်းရှင်းစွာ နည်းမှန်လမ်းမှန်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပါ ကြောင်း၊ မမှန်မကန်ဆောင်ရွက် ခြင်းများရှိပါက တည်ဆဲဥပဒေ များနှင့်အညီ အရေးယူသွားမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ က ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)မှ သင်တန်းအမှတ် စဉ်(၁၁)အထိ ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများအပေါ် အားနည်း




ချက်၊ အားသာချက်များကို ပြန် လည် သုံးသပ်ဆွေးနွေးပြော ကြားကြပြီးနောက် ခရိုင်၊ မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့ ဥက္ကဋ္ဌများ၏ ပြည်သူ့စစ်မှု ထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ် များ ဆောင်ရွက်ခဲ့မှုများ၊ ရှေ့ဆက် ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ ကြရာ တိုင်းဒေသကြီး ဝန်ကြီး ချုပ်က ဆွေးနွေးချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ-ဝ

သတင်း-စာမျက်နှာ ၁၂








- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။


# ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ပုဗ္ဗသီရိ မတ် ၂၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဇေယျာသီရိခရိုင်နှင့် ပုဗ္ဗသီရိမြို့နယ်အဆင့် အထက် တန်း၊ အလယ်တန်းနှင့် မူလတန်း စွမ်းရည်မြှင့်သင်တန်း၊ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက် တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဇေယျာသီရိ ခရိုင်ပညာရေးမှူး ဦးရဲသူရခင်စိုးက အမှာစကားပြောကြားပြီး မြို့နယ် ပညာရေးမှူး ဒေါ်စန်းစန်းအေးက ဆွေးနွေးပွဲဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဇေယျာသီရိ ခရိုင် ပညာရေးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေမီထူးက သင်တန်းသားများ လိုက်နာရန် စည်းကမ်းချက်များအား ရှင်းလင်း ပြောကြားပြီး အဆိုပါ ဆွေးနွေး ပွဲတွင် အခြေခံပညာအထက်တန်း အဆင့် သင်တန်းသား၊ သင်တန်း သူ ၃၁၇ ဦးကို သင်တန်းနည်းပြ ၁၈ ဦးဖြင့်လည်းကောင်း၊ အခြေခံ ပညာအလယ်တန်းအဆင့် သင်တန်း သား၊ သင်တန်းသူ ၃၄၈ ဦးကို သင်တန်းနည်းပြ ၂၀ ဦးဖြင့် လည်း ကောင်း၊ အခြေခံပညာမူလတန်း အဆင့် သင်တန်းသား၊ သင်တန်း သူ ၅၈၀ ဦးကို သင်တန်းနည်းပြ ၃၅ ဦးဖြင့် လည်းကောင်း ၄ ရက်ကြာဆွေးနွေးပို့ချပေးသွား မည်ဖြစ်ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**



# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များ၌ အခြေခံအင်္ဂလိပ်သဒ္ဒါနှင့် စကားပြောသင်တန်း၊ ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်




**မန္တလေး မတ် ၂၄**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများဖြစ်လာစေရန်၊ လက်တွေ့အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး အသိပညာ၊ အတတ်ပညာတိုးပွားစေရန် ရည်ရွယ်၍ အခြေခံအင်္ဂလိပ်သဒ္ဒါနှင့် စကားပြောသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းများကို ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ဖွင့်လှစ်ခဲ့ရာ အခမ်းအနားသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည် မိသားစုများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းအလိုက် အထောက်အကူပြုပစ္စည်းများ ပေးအပ်ပြီး သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးရှိ တပ်ရင်း၊ တပ်ဖွဲ့များ၌လည်း အဆိုပါသင်တန်းများကို ယနေ့တွင် ဖွင့်လှစ်ပြီး တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် သင်တန်းများတွင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၈၄၂ ဦးဖြင့် သင်တန်းကာလ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၃၈)

## (VDP)ဖြင့် ဆောင်ရွက်သော ကုန်ထုတ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**မိုင်းယန်း မတ် ၂၄**

နှစ်(၈၀)ပြည့်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မိုင်းလွေကျေးရွာအုပ်စု၊ ယန်းခိုင်ကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်း မုခ်ဦးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းယန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းသန့်က အဖွင့်အမှာစကားပြောကြားပြီး မိုင်းယန်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ကျေးရွာကုန်ထုတ်လမ်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားကာ မိုင်းလွေကျေးရွာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မိုင်းယန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းသန့်၊ မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌတို့က ကုန်ထုတ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကုန်ထုတ်လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယန်းခိုင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ သန်းဖြင့် ကျေးရွာကုန်ထုတ်လမ်းခင်းခြင်း အရှည် ပေ ၁၉၈၀၊ အကျယ် ၁၂ပေ၊ ထု ၉လက်မကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများက ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ပြောသည်။ **(ဝ၄ဝ)**





## ဒုတိယဝန်ကြီး ဒေါ်နုမြဇံ အင်းဝယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မတ် ၂၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်နုမြဇံသည်ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် အင်းဝယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်ခဲ့သည့်ခရီးစဉ်တွင် မှာကြားခဲ့သည့် မဟာဇေယပထ မောင်အိုအုတ်လမ်းတံတား၊ မဟာဇေယပထ မောင်အိုအုတ်လမ်းတံတား၏ ကျောက်စာရုံ၊ လောကသရဖူဘုရားအတွင်း ပြုပြင်ဆောင်ရွက်ထားရှိမှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် စည်တိုပုံမြို့ရိုး၏ အနောက်ဘက်မျက်နှာ မြို့ရိုး၊ မြို့ဝင်ပေါက်နှင့် ကျုံး၊ အင်းဝရှေးဟောင်းသုတေသနပြတိုက်၊ အင်းဝဗားကရာသစ်သားဘုန်းတော်ကြီးကျောင်း၊ မြင့်မိုရ်တောင်ဘုရား၊ ဝက်ပါဘုရား၊ လောကဒုဿမာန်အောင်ဘုရားနှင့်ကြောင်လိမ်ဘုရား ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မန္တလေးနေ့စဉ်-၉**

## မြို့တော်ခန်းမတွင် အကတိုက် အစမ်းလေ့ကျင့်မှုများ ပြုလုပ်

**မန္တလေး မတ် ၂၄**

မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်အကြိုနေ့ ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပဖွင့်လှစ်နိုင်ရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် အကတိုက်အစမ်းလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ **(ယာပုံ)**

"ဖွင့်ပွဲနေ့မှာ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ် အခြေခံပညာကျောင်းများမှ ကျောင်းသူလေးများနှင့် သင်္ကြန်လုပျိုဖြူအဖွဲ့ဝင်များစုပေါင်းကာ ညီညာလှပစွာ ကပြဖျော်ဖြေနိုင်ရေးအတွက် သင်ကြားလေ့ကျင့်ပေးနေတာဖြစ်ပါတယ်"ဟု အကသင်ကြားပေးလျက်ရှိသည့် အကနည်းပြဆရာမတစ်ဦးက ပြောကြားသည်။

အကတိုက်လေ့ကျင့်မှုတွင် မြို့နယ် ၅ မြို့နယ်ကျောင်းများမှ ကျောင်းသူ ၅၀၀ ဦးနှင့် သင်္ကြန်လုပျိုဖြူအဖွဲ့ ၄၀၀ ဦးတို့က ဗဟိုမဏ္ဍပ်ရှေ့ မျက်နှာစာတွင် လည်းကောင်း၊ မဏ္ဍပ်စင်မြင့်ထက်တွင် မန်းစည်ပင်သမီးပျိုလေး ၄၂ ဦးတို့က ဖွင့်ပွဲနေ့တွင် ညီညာစွာ ကပြနိုင်ရေးအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဒေါ်အေးစန္ဒာအောင် ဦးစီး၍ ဒေါ်ချောကလျာအေး(ကထိက)နှင့် မန်းစည်ပင်မှ အကနည်းပြ ဒေါ်ထိပ်တင်နှင်း၊ လက်ထောက်နည်းပြ ဒေါ်ဂျူးနှင်းသဇင်တို့က ကပြသင်ကြားပေးကြပြီး အခြေခံပညာကျောင်းများမှ တာဝန်ခံဆရာမနှင့် ကျောင်းသူ ၁၀ ဦးစီတို့က မိမိတို့ကျောင်းတွင် ဆင့်ပွား သင်ကြားပေးနိုင်ရန် "မန်းတောင် ရိပ်ခို + တူးပို့တူးပို့ + ရွှေမန်း မာလာ" တေးသီချင်းကို လေ့ကျင့်သင်ကြားလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်

# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်



**ကလော မတ် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မတ် ၂၂ ရက် နံနက် ၉ နာရီက အောင်ပန်းမြို့ အားကစားခန်းမ၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် ကလောမြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိက ကျန်းမာရေးနှင့်ပတ်သက်၍ ကလေးသူငယ်များ ရှောင်ရန်၊ ဆောင်ရန်အချက်များ အသိပညာပေးဟောပြောခဲ့ပြီး အားကစား လေ့ကျင့်သင်ကြားနေသည့် ကလေးများအား ကျန်းမာရေးနှင့်ညီညွတ်သည့် ဓာတ်ဆားထုပ်များ ပေးအပ်ခဲ့သည်။ ထို့နောက် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ကျော့ကေခိုင်ထွန်းက နိုင်ငံ့ကိုယ်စားပြု မျိုးဆက်သစ်အားကစားလူငယ်မောင်မယ်များ ပေါ်ထွက်လာစေရေးအတွက် လူငယ်ရေးရာ အားကစားအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းယဉ်က စာဖတ်ရှိန်မြှင့်တင်ရေးအတွက် နွေရာသီကျောင်းပိတ်ရက်များတွင် စာအုပ်စာစောင်များဖတ်ရှု၍ အချိန်ကိုအကျိုးရှိရှိ အသုံးချတက်စေရန်၊ စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးအကြောင်းနှင့် လူငယ်ရေးရာအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ကလောမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားသမားများအား ဗဟုသုတများ တိုးပွားစေရေးအတွက် စာကြည့်တိုက်သမိုင်း အသိပညာပေးနံရံကပ်စာစောင်နှင့် လူကုန်ကူးမှုအကြောင်း အသိပညာပေးနံရံကပ်စာစောင်များပြသခဲ့ရာ အားကစားသမားများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကိုးပင် မူလတန်းကြိုကျောင်း၌ ပဒေသာကပွဲနှင့် ကျောင်းဆင်းဂုဏ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**ဆင်ပေါင်ဝဲ မတ် ၂၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာ လူမှုဝန်ထမ်းဦးစီးဌာန၏ မူလတန်းကြိုကျောင်းမှ ပဒေသာကပွဲနှင့် ကျောင်းဆင်းဂုဏ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။



ဆက်လက်ပြီး ကိုးပင်မူလတန်းကြိုကျောင်းမှ သားငယ်၊ သမီးငယ်လေးများက ပြည်ထောင်စုအင်အားသီချင်းပုဒ်ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပြီး တာဝန်ရှိသူများက သားငယ်၊ သမီးငယ်လေးများအား ကျောင်းဆင်းဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသော ကိုးပင်မူလတန်းကြိုကျောင်းမှ ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများနှင့် မိဘများအား မူလတန်းကြိုကျောင်း အကြီးတန်းနှင့် အငယ်တန်းတို့မှ သားငယ်၊သမီးငယ်များက ဗမာမလေး၊ ဂျင်းဘောင်းဘီ၊ရွှဲကုန်သည်ပြဇာတ်၊ ရန်ကုန်သားလေးကျွန်တော်၊ မမအထာ၊ ကိုကိုမှာ၊ နွေဦးကဗျာ သီချင်း စသည်တို့ဖြင့် ကပြ ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ခနို့ဝင်း(ဆင်ပေါင်ဝဲ)**

# စာရေးဆရာ မင်းဥဒိန် ရေးသားသည့် စစ်ကိုင်းစာအုပ်ထွက်ရှိ




**စစ်ကိုင်း မတ် ၂၄**

စာရေးဆရာ မင်းဥဒိန် ရေးသားသည့် 'စစ်ကိုင်း'အမည်ရ စာအုပ် ပထမအကြိမ်အဖြစ် အမရပူရ စာအုပ်တိုက်၊ အင်းဝမြို့က ၂၀၂၅ ခုနှစ် မတ်လတွင် ထွက်ရှိလာသည်။

စာအုပ်စီစဉ်သူမှာ ဦးအောင်နိုင်ထွန်းဖြစ်ပြီး မျက်နှာဖုံးပန်းချီ ညိုဆဏ်း၊ အတွင်းပန်းချီ တွတ်တွတ်၊ အတွင်းဓာတ်ပုံ အောင်နိုင်ထွန်း၊ အတွင်းအပြင်အဆင် အောင်ချမ်းပြည့်(ကွန်ပျူတာ)တို့၏ လက်ရာများ ဖြစ်သည်။

စာမျက်နှာ ၄၀၀ ပါရှိပြီး စာအုပ်တန်ဖိုးမှာ ငွေကျပ် ၂၀၀၀၀ ဖြစ်သည်။ စစ်ကိုင်းမြို့သမိုင်းကို အသေးစိတ် ရေးသားထားကာ ဓာတ်ပုံမှတ်တမ်းများလည်းပါရှိသည်။ သမိုင်းကိုလေ့လာသူများ အထူးဖတ်ရှုလက်ကိုင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ စာကြည့်တိုက်များတွင် ထားရှိသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခင်ခင်ဝင်း(ပညာရေး)**

# 9MM Art Exhibition ပန်းချီပြပွဲ ပြသ

**မန္တလေး မတ် ၂၄**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ကဥ္စဏမဟီရပ်ကွက်၊ ၇၉ လမ်း၊၂၇လမ်းနှင့် ၂၈လမ်းကြားရှိ ကောင်းကျော်ကဖေးအပေါ်ထပ်တွင် နမ္မတီးအမည်ရှိ ပန်းချီအနုပညာပြခန်းတွင် မတ် ၂၁ရက် နံနက် ၉ နာရီက 9MM ART Exhibition ပန်းချီပြပွဲဖွင့်လှစ်ပြသခဲ့ရာ မန္တလေးမြို့ရှိ ပန်းချီဆရာကြီးများ၊စာပေနှင့် စာနယ်ဇင်းအဖွဲ့များ၊ သတင်းစာဆရာများ၊ သတင်းမီဒီယာအဖွဲ့များ တက်ရောက်အားပေးကြသည်။

9MM ART Exhibition တွင် မန္တလေးမြို့မှ ပန်းချီဆရာများဖြစ်သော စိုင်းမောင်မောင်၊ နေဇော်၊ ထူးလွင်အေး၊ မွန်ဆွန်း၊ သိန်းလှိုင်၊ ကျော်မြတ်ထွေး၊ ကျော်ဟန်ထူး၊ မျိုးဆက်ပိုင်၊ ဇော်မိုးသီတို့၏ ရေဆေး၊ အက်ခရိုင်းလစ်မော်ဒယ်ပန်းချီလက်ရာစုံများ၊ မန္တလေးပုံရိပ်ထင်ဟပ်စေသော ရေဆေးပန်းချီလက်ရာများကို ပြသထားသည်။

ပန်းချီပြပွဲကို မတ်၂၁ရက်မှ ၂၃ရက်အထိ နံနက် ၉နာရီမှ ညနေ ၇နာရီအထိ ပြသခဲ့ကြောင်း သိရသည်။

**(၀၄၅)**

# မေတ္တာပေးကာ ချမ်းသာဖြာ

* ဒုက္ခတွေ သောကအဖြစ်နဲ့
အစဉ်တွယ်ရစ် လူ့သံသရာ ။
ချမ်းသာခြင်းနဲ့ ဆင်းရဲမှု
တန်းတူပြုစွာ ။
အကြီးအသေး ရပ်ခန္ဓာ
ဘယ်မကြာ ထက်ကြပ်ကျ ။
အလှအသွင်နဲ့ အကျည်းတန်ခြင်းတို့
မှန်ခင်းဆောင်ရ ။
* အဝိဇ္ဇာနဲ့ တဏှာခတော့
ရန်းမကြွ စုန် ဆန် ချီ ။
လောဘနှင့် အတ္တများ
ညွတ်တွားမာန်တည် ။
လွတ်လမ်းကွယ့် ဝေးလေပြီ
ဆုံးပေမည် လူ့ကြင်နှန်း ။
ဆင်းရဲခြင်းနဲ့ အစဉ်မြဲကာပ
ဆင့်ကဲလျှောက်လှမ်း ။
* မေတ္တာမှန်ကို ဆောင်မထမ်းရင်ဖြင့်
လျှောက်နေလမ်း မျက်ကန်းအသွင် ။
အသိပညာ ပညာအတတ်
နိမ့်ကွယ့်မှတ်အစဉ် ။
သီလမရှိ စိတ်သွင်ပြင်
ကြမ်းကြုတ်ဆင် ရေမျောလိုက် ။
အနန္တဂိုဏ်းဝင် ပြစ်မိမှားရင်ဖြင့်
အပယ်လားကံထိုက် ။ ။

**သူ့ထက်ဆန်း(မန္တလေး)**



## သတင်းပဒေသာ

### အသားရောင်းချသည့်ဆိုင်များအား သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ ၊ မရှိ စစ်ဆေး

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေးကြီးအတွင်း အမဲ၊ ဝက်၊ ဆိတ်သားရောင်းချသည့်ဆိုင်များအား သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်းရှိ၊မရှိ လိုက်လံစစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။ ထိုသို့စစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက ပြည်သူများ ဝယ်ယူစားသုံးနိုင်ရန်အတွက် အမဲသား၊ ဝက်သား၊ ဆိတ်သားဈေးနှုန်းများသတ်မှတ်၍ အသားရောင်းချသည့်ဆိုင်များတွင် ဗီနိုင်းပိုစတာဖြင့် ချိတ်ဆွဲထားရှိပြီး ဈေးတာဝန်ခံဝန်ထမ်းများက စဉ်ဆက်မပြတ် Hand Speaker ဖြင့် ကြေညာပေးလျက်ရှိကာ ဒေသခံပြည်သူများ အမဲသား၊ ဝက်သားနှင့် ဆိတ်သားများကို သတ်မှတ်ဈေးနှုန်းအတိုင်း ဝယ်ယူစားသုံးနိုင်ရေး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ဈေးတာဝန်ခံတစ်ဦးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများ ထုတ်ပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့၊ မြန်မာ့စီးပွားရေးဘဏ်တွင် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို ယမန်နေ့ နံနက် ၉ နာရီက စတင်ထုတ်ပေးလျက်ရှိသည်။ အဆိုပါအငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို မြန်မာ့စီးပွားရေးဘဏ် မြို့နယ်ဘဏ်မန်နေဂျာ ဦးဝင်းကျော်ထွေးနှင့် ဝန်ထမ်းများက မတ် ၂၁ ရက်မှ ၃၁ ရက်အထိ ရုံးဖွင့်ရက်များတွင် နံနက် ၉နာရီမှ မွန်းလွဲ ၂ နာရီအထိ အငြိမ်းစားဝန်ထမ်း ၁၀၀ ဦးတို့၏ ပင်စင်လစာငွေများကို စနစ်တကျ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မူလတန်းကြိုကျောင်း ပဒေသာကပွဲနှင့် ကျောင်းဆင်းပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်းမြို့၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကွန်ဟိန်းမူလတန်းကြိုကျောင်း၏ ပဒေသာကပွဲနှင့် ကျောင်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက ဟိတကာရီခန်းမ၌ ကျင်းပခဲ့သည်။ ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်ဦးငြိမ်းကိုက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းအကျိုးတော်ဆောင်နာယက ဦးနေအောင်က အမှာစကားပြောကြားပြီး မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးရတနာအောင်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ကျောင်းဆင်းလက်မှတ်များ အသီးသီးပေးအပ်ကြပြီး ကျောင်းသား၊ ကျောင်းသူများက တေးသရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကျန်းမာရေးစစ်ဆေးစောင့်ရှောက်ပေးခြင်းနှင့် လစဉ် ပုံမှန်ကာကွယ်ဆေး ထိုးနှံပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာဖွံ့ဖြိုးပြီး လွယ်ကူစွာမွေးဖွားနိုင်ရန် ကျန်းမာရေးစစ်ဆေးစောင့်ရှောက်ပေးခြင်းနှင့် လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ကျိုင်းဟင်ရပ်ကွက်အတွင်းရှိ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနရုံးတွင် ဆောင်ရွက်ပေးခဲ့သည်။ ကိုယ်ဝန်ဆောင်မိခင်များ ပုံမှန်ကာကွယ်ဆေးထိုးနှံပေးရာတွင် မိခင်နှင့်ကလေးကျန်းမာရေးဌာန တာဝန်ခံကျန်းမာရေးဆရာမ ဒေါ်ငွေငွေခိုင်နှင့် ကျန်းမာရေးဆရာမများက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ကိုယ်ဝန်ဆောင်မိခင်များအား စနစ်တကျစာရင်းပြုစု၍ ကျန်းမာရေးစောင့်ရှောက်စစ်ဆေးပေးခြင်းများနှင့် ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဝန်ထမ်းမိသားစုများ စုပေါင်း၍ ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြု



**မန္တလေး မတ် ၂၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြုလျက်ရှိသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့ နံနက်ပိုင်းက (၁၂၃)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ကြက်သားကြော်၊ ပဲကုလားဟင်းတို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင်ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်အပါး ၂၅၀ ကျော်တို့အား နံနက် ၅နာရီခွဲမှ စတင်၍ လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၃)**

## နှစ်(၈၀)ပြည့်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း(YMBA)အသင်းမှကြီးမှူး၍ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**မန္တလေး မတ် ၂၄**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း(YMBA) အသင်းမှ ကြီးမှူးကျင်းပသော စုပေါင်းသွေးလှူဒါန်းပွဲကို မတ် ၂၃ရက် နံနက် ၉ နာရီက မန္တလေးအထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တတိယထပ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်း(YMBA)အသင်း ဥက္ကဋ္ဌ ဦးကြည်စိန်၊ တိုင်းအလုပ်အမှုဆောင် ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များက သွေးလှူရှင် သံဃာတော်အရှင်သူမြတ်များနှင့် လူပုဂ္ဂိုလ်များအား ဆေးဝါး၊ ငှက်ပျောသီး၊ အုန်းစိမ်းဖျော်ရည်တို့ဖြင့်လည်းကောင်း၊ ရတနာပုံဖောင်ဒေးရှင်းမှ အတွင်းရေးမှူး ဦးအောင်ချမ်းမင်း(တိုင်းအလုပ်မှုဆောင်)နှင့် ဝန်ထမ်းများက ကွတ်ကီးမုန့် အာဟာရများဖြင့်လည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဒေါက်တာလှကြွယ် နှင့် ဇနီး ဒေါ်အေးအေးအောင်(သီရိသုခမ္မသိင်္ဂီ) မိသားစုက ရေသန့်ဘူး၊ အချိုရည်ဘူး၊ ကြက်ဥတို့ဖြင့်လည်းကောင်း လှူဒါန်းကြသည်။

အဆိုပါစုပေါင်းသွေးလှူဒါန်းပွဲတွင် သံဃာတော်အရှင်သူမြတ်များနှင့်လူပုဂ္ဂိုလ်များ လာရောက်သွေးလှူဒါန်းကြရာ ရရှိသောသွေးအိတ် စုစုပေါင်း ၇၃ အိတ်ကို မန္တလေးတိုင်း(YMBA)အသင်း ဥက္ကဋ္ဌ တိုင်းအလုပ်မှုဆောင် ဦးအောင်ချမ်းမင်းနှင့် ဦးမြင့်ဦးတို့မှ ပေးအပ်လှူဒါန်းရာ သွေးလှူဘဏ်တာဝန်ခံ ပါမောက္ခဒေါက်တာ နီလာဝင်းနှင့် ဝန်ထမ်းများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၀၄၆)**



## ငှက်ဖျားရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ပတ်သက်၍ အသိပေးဆွေးနွေး

**သာစည် မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ ဦးတည်အုပ်စုများအား ငှက်ဖျားရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့်ပတ်သက်၍ အသိပေးဆွေးနွေးပွဲပြုလုပ်ပြီး အခြေခံကျန်းမာရေးဝန်ထမ်းများအား သင်တန်းပို့ချခြင်းကို မတ် ၂၀ ရက် နံနက် ၁၀နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အသိပေးဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝတ်မှုံအောင်က ငှက်ဖျားရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့်ပတ်သက်၍ အသိပေးဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသူများက ကာကွယ်ဆေးကွင်းဆင်းတိုက်ကျွေးခြင်းနှင့်ပတ်သက်၍ တွေ့ကြုံရမည့် အခြေအနေများကို တင်ပြဆွေးနွေးကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ ငှက်ဖျားရောဂါကာကွယ်ဆေးကို သာစည်မြို့နယ်တွင် ဦးတည်အုပ်စုများဖြစ်သည့် ပြည်ညောင်(ကား)၊ ပြည်ညောင်(မီးရထား) နှင့်ရေပူကျေးရွာတို့တွင် အသက် ၁၀ နှစ်မှ ၅၀နှစ်အတွင်းရှိ ပြည်သူများအား အဖွဲ့ ၂၀ဖြင့် မတ် ၂၁ ရက်မှ စတင်တိုက်ကျွေးလျက်ရှိကြောင်းသိရပြီး အဆိုပါဆေးမှာ တစ်လလျှင်တစ်ကြိမ်ဖြင့် သုံးလဆက်တိုက် တိုက်ကျွေးသွားမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ဆွေးနွေးပွဲအပြီးတွင် အခြေခံကျန်းမာရေးဝန်ထမ်းများအား ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့်ပတ်သက်သော သင်တန်းကို ဆက်လက်ပို့ချခဲ့ကြောင်း သိရသည်။

**(၄၈၇)**

* - * - * - * - *

## ဆေးပဒေသာပင်အလှူငွေ လှူဒါန်း

**မန္တလေး မတ် ၂၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိသို့ ယမန်နေ့က အလှူရှင် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်နေ အဘ ဦးစိန်မင်း၊ အမိ ဒေါ်ဖွားမြိုင်တို့ကို အမှူးထား၍ ဦးဘသင်း+ ဒေါ်ခင်တုတ်မိသားစုက ဆေးပဒေသာပင် ငွေကျပ် ငါးသိန်း လှူဒါန်းရာ တာဝန်ကျဆရာဝန် ဒေါက်တာ ဦးညွန့်သန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂ ၆၂၆၃၂၄ သို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။



**(ဝဲပုံ)**

**(ကဆ)**

မျက်စိ
လှူကြ
မျက်ကြည်ရ၊
မြတ်သည့်
လှူဒါန်။

# သုခမ္မာဇရပ်ရိပ်က အတိတ်မြင်အလွမ်း(၃)

မောင်လောက

အဘိုးတို့၏ သုခမ္မာဇရပ်ရိပ်က အတိတ်မြင် အလွမ်းသည် မစုံသေး။ လွမ်းမြဲလွမ်းနေကြ၏။ အလွမ်းကို အရင်းတည် အမြတ်ဆီသို့ ချီတက်နေကြ၏။ ရှေ့တစ်ခေါ်မျှော်၍ နောက်တစ်လှံပြန်ကြည့်နေကြ၏။ အရဏ်ဦး၏ အလင်းရောင်ကို မှန်းမျှော်ကြည့်နေကြသော အဘိုးတို့ဟုပင်ဆိုလိုက်ချင်သည်။ အဟောင်းပျက်လျှင် အသစ်ပြင်ဖို့ ဝန်မလေးကြသော အဘိုးတို့ဟုပင် ဆိုနိုင်သေး၏။ တပေါင်း၏သရုပ် ဥပုသ်နေ့ကား ထူးခြားနေ၏။ အဘိုးတို့၏စကားသံတို့ကား ပျံ့လွင့်ဆဲ ပျံ့လွင့်နေကြ၏။

'ဒီနေ့တော့ ထီးပေါင်းကားအရပ်ရဲ့ အလယ်ပိုင်းဖြစ်တဲ့ မဟာမုနိနဲ့ နန်းတော်ကြီးကြားက ဘုရားပုထိုးတွေအကြောင်း ပြောကြတာပေါ့ ကိုကြီးစိန်ခိုရာ။ အဲဒီဒေသရဲ့အနောက်ပိုင်းကစပြီး ကိုကြီးစိန်ခိုကပဲ ပြောစမ်းပါလေ။'

'ပြောတာပေါ့ ကိုကြီးဖိုးထူးရာ ဒီဒေသရဲ့အနောက်ပိုင်း သင်္ဂဇာချောင်းထိပ်မှာ ဆုတောင်းပြည့်ချမ်းသာရဘုရားဆိုတာရှိတယ်။ ဒီဘုရားကို သက္ကရာဇ် ၈၃၀ ပြည့်တုန်းက သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့တာလို့ ပြောကြတယ်။ စေတီပေါင်းရှစ်သောင်းလေးထောင်ထဲမှာ ပါတယ်လို့လည်း ပြောကြသေးတယ်။ ဒီဘုရားရဲ့ မူလဘွဲ့အမည်က 'လောကသရဖူ'လို့ခေါ်တယ်။ အလောင်းစည်သူမင်းက ဒီဘုရားကိုဒုတိယအကြိမ်ပြင်တယ်။ ဘွဲ့တော်ကိုလည်း 'အောင်ချာရွှေဂူ'လို့ပြောင်းလိုက်တယ်။ သက္ကရာဇ် ၁၁၅၂ ခုနှစ်ရောက်တော့ တတိယအကြိမ် ဒီဘုရားကိုပြင်ပြန်တယ်။ ပြင်တဲ့သူမင်းတုန်းမင်း တြားကြီး၏သားတော် အိမ်ရှေ့မင်းသားသီဟသူပေါ့။ အဲ့ဒီမင်းသား ကလည်း ဘွဲ့တော်ကိုပြင်ပြီး မှည့်လိုက်ပြန်တယ်။ 'ဆုတောင်းပြည့်ချမ်းသာရစေတီတော်'တဲ့။ အခုတော့လည်း ဆုတောင်းပြည့်ချမ်းသာရဘုရားလို့ လူသိများကြပါတယ်။'

'နေပါဦး ကိုကြီးပိန်ရဲ့။ အိမ်တော်ရာဆိုတဲ့စေတီအကြောင်းကိုလည်းပြောစမ်းပါဦး'

'ဩော်… ဒါလား? အိမ်တော်ရာစေတီဟာ ချမ်းသာရဘုရားရဲ့ အရှေ့ မလှမ်းမကမ်းမှာရှိတယ်။ တောင်လားရင် ခြသေ့်ဦး၊ မြောက်လားရင် မိကျောင်းတံတားလို့အဆိုရှိတဲ့ မိကျောင်းကြီးနှစ်ကောင်ရဲ့ အရှေ့မြောက်အရပ် တနင်္ဂနွေထောင့်မှာ အိမ်တော်ရာဘုရားရှိတယ်။ ဒီနေရာမှာ ပုဂံမင်းဟာ အိမ်တော်ကြီးဆောက်ပြီး အပန်းဖြေနားနေခဲ့တယ်။ ပုဂံမင်းရဲ့ အိမ်တော်ကြီးနေရာမှာ ဘုရားတည်လို့ အိမ်တော်ရာဘုရားလို့ လူသိများခဲ့တာပေါ့။ သက္ကရာဇ် ၁၂၀၉ ခုနှစ်မှာ ပုဂံမင်းရဲ့ စေခိုင်းချက်အရ ပန်းပဲမင်းကြီးဦးမှိုက ဦးစီးပြီးတည်ခဲ့တဲ့ဘုရားပါ။ ဘွဲ့တော်အပြည့်အစုံက 'မဟာလောကရံသီ အိမ်တော်ရာစေတီ'လို့ ခေါ်တယ်။

'နေပါဦး ကိုကြီးကြောင်ရဲ့။ ပန်းပဲမင်းကြီးဦးမှိုဟာ ဒီဘုရားနဲ့ အပြိုင် သူပိုင်ဘုရားတစ်ဆူတည်ခဲ့တယ်လို့ ကြားဖူးတယ်ဗျာ။'

'ဟုတ်ပါ့ဗျာ။ ပန်းပဲမင်းကြီးဦးမှိုဟာ သူပိုင်ဘုရားတစ်ဆူ တည်ခဲ့တာ မှန်တယ်ဗျ။ ဒီနေ့အခေါ် ၈၃လမ်းနဲ့ ၈၄လမ်းကြား၊ လမ်း၃၀ရဲ့ လမ်းလယ်မှာရှိနေတဲ့ ဘုရားပေါ့။ ဒီဘုရားဟာ ပန်းပဲမင်းကြီးဦးမှိုရဲ့ တစ်ဦးတည်းပိုင်တည်ထားခဲ့တဲ့ ဘုရားစစ်စစ်ပဲ။ ပန်းပဲမင်းကြီးဦးမှိုတည်ထားခဲ့တဲ့ ဘုရားဖြစ်ပေမယ့် ဘုရားဒါယကာကြီးရဲ့ နာမည်ကတော့ မထင်ပေါ်ဘူး။ ပျောက်ကွယ်နေတယ်။ လူအများက လမ်းလယ်ဘုရားလို့ပဲ ပြောနေကြတယ်လေ။'

'လမ်းလယ်ဘုရား အနောက်ဘက်မလှမ်းမကမ်းမှာ မြောက်ကနေ တောင်ဘက်အရပ် စီးဆင်းနေတဲ့ 'ရွှေတချောင်း'ဆိုတဲ့ ချောင်းတစ်ချောင်းရှိတယ်မဟုတ်လား ကိုကြီးဖိုးမှိုင်းရဲ့။'

'ရှိတယ်လေ ကိုကြီးရာပြန်ရဲ့။ အဲဒီရွှေတချောင်းရဲ့ ကမ်းနဖူး လမ်း၃၀နဲ့၃၁လမ်းကြားမှာ 'မဟာသကျသီဟ'ဆိုတဲ့ ဘုရားတစ်ဆူရှိတယ်။ အဲဒီဘုရားရဲ့ ကြေးသွန်းရုပ်ပွားတော်ကြီးရဲ့ သမိုင်းဟာ နည်းနည်းတော့ရှည်တယ်။'

'ရှည်ပုံရှည်နည်း ပြောပြစမ်းပါ ကိုကြီးဖိုးသိုင်းရာ'

'အဲဒီ မဟာသကျသီဟစေတီရဲ့ ပလ္လင်ပေါ်မှာ သီတင်းသုံးနေတဲ့ ကြေးသွန်းရုပ်ပွားတော်ကြီးရဲ့ မူလအစက အင်းဝက စခဲ့တာလေ။ ဘကြီးတော်လို့ခေါ်တဲ့ စစ်ကိုင်းမင်းဟာ သက္ကရာဇ် ၁၁၈၈ ခုနှစ်မှာ ဒီရုပ်ပွားတော်ကြီးကို သွန်းထုခဲ့တာပါ။ ပဉ္စလောဟာ(ရွှေ၊ ငွေ၊ ကြေးနီ၊ သံ၊ သလွဲ)နဲ့ ကြေးချိန် ၁၆၁၁၀ ပိဿာ သွန်းထုခဲ့ပြီး အင်းဝနေပြည်တော်ရှိ လေးထပ်ကျောင်းကြီးမှာ အုတ်ပြာသာဒ်တည်ဆောက်ကိုးကွယ်ခဲ့တယ်။'

'အင်းဝကနေပြီး ဒီနေရာကိုရောက်လာခဲ့တဲ့ ဘုရားလား ကိုကြီးအယ်ဘောရဲ့'

'မဟုတ်ဘူးလေ။ သက္ကရာဇ် ၁၂၀၉ ခုနှစ်ရောက်တော့ ပုဂံမင်းဟာ ဒီရုပ်ပွားတော်ကို အင်းဝကနေပြီး အမရပူရကို ပင့်ခဲ့တယ်။ ပုထိုးတော်ကြီးအနီးက မြေကွက်လပ်မှာ မဟာရံတံတိုင်းနဲ့ ဂန္ဓကုဋ္ဌိ ပြာသာဒ်တော်ဆောက်လုပ်ပြီး ကိုးကွယ်ခဲ့သေးတယ်။'

'အခုဒီနေရာရောက်လာပုံလေးကိုလည်း လင်းပြစမ်းပါ ကိုကြီးစိန်ချုပ်ရာ'

'သက္ကရာဇ် ၁၂၄၆ ခုနှစ်ရောက်တော့ သီပေါမင်းက ဒီရုပ်ပွားတော်ကြီးကို အမရပူရကနေပြီး အခုသီတင်းသုံးနေတဲ့နေရာအရောက် ပင့်ဆောင်ခဲ့တယ်။ အခု 'မဟာသကျသီဟဘုရား'သီတင်းသုံးရာ အုတ်ပြာသာဒ်ဒါယိကာမကြီးကတော့ ဆင်ဖြူမရှင်မိဖုရားကြီးဖြစ်တယ်လို့ အဆိုရှိခဲ့ကြတယ်လေ။'

'မဟာသကျသီဟဘုရားရဲ့ အနောက်တက်ကကပ်ပြီး စီးဆင်းနေတဲ့ ရွှေတချောင်းရဲ့အရှေ့ဘက်ဘေးမှာ ထူးခြားတဲ့တောင်တစ်တောင်ရှိတယ်လို့ ပြောသံ၊ ဆိုသံကြားခဲ့ဖူးတယ်လေ ကိုကြီးခိုပျံရဲ့'

'ဟုတ်မှ ဟုတ်ဗျာ၊ ဟောဒီ'မဟာသကျသီဟ'ဘုရားရဲ့ အနောက်တောင်ယွန်းယွန်းမှာ ဒီနေ့အခေါ် ရွှေတချောင်းရဲ့ အရှေ့ဘက်ကပ်ရပ် ၃၄လမ်းရဲ့ တောင်ဘက်ကပ်ရပ်မှာရှိတဲ့တောင်ပေါ့။ မန္တလေးမြို့ရဲ့အန္တာခတ်မိထားတဲ့ အရှေ့မြောက်တနင်္ဂနွေထောင့်က မန္တလေးတောင်၊ အနောက်တောင် စနေထောင့်က ဦးကောင်းတောင်ဆိုတာ ဒီတောင်ကို ပြောတာဗျ။ ဒီဦးကောင်းတောင်ပေါ်မှာ ရှင်ပင်ပက်လက်ရေစက်လက်လို့ ပြောနေကြတဲ့ ပက်လက်သတင်းသုံးနေတဲ့ အရှင်တော်ပေါ်မှာ ရေတစ်စက်စက်ကျနေတာကို ဒီနေ့အထိ ဖူးတွေ့နိုင်ပါတယ်။ ရှင်ပင်ပက်လက်ရေစက်လက်အနီးမှာ တွေ့မြင်ရတဲ့ဦးကောင်းတောင်ပေါ်က ဖိုလ်ထိုးနေကြတဲ့ ပုံကလည်း အတော့်ကိုထူးခြားတာပဲ။ မြန်မာတစ်နိုင်ငံလုံးရှာပေမယ့် ဒီလို ဖိုလ်ထိုးတဲ့ပုံမျိုးတွေ့နိုင်မှာမဟုတ်ပါဘူး။ ဒီ'ရှင်ပင်ပက်လက်ရေစက်လက်' ဘုရားကိုတော့ သက္ကရာဇ် ၁၂၀၈ ခုနှစ်က တည်ထားခဲ့တာပါ။ ဘုရားဒါယကာ၊ ဒါယိကာမများကတော့ ဦးကောင်းနဲ့ ဒေါ်မယ်ရွှက်တို့လို့ သိရပါတယ်။'

'မင်းတုန်းမင်းတြားကြီး တည်ထားခဲ့တဲ့ ဆုတောင်းပြည့်မြတ်စွာဘုရားဆိုတာ ရှိခဲ့သေးတယ်မဟုတ်လား ကိုကြီးကြောင်ရဲ့။'

'ရှိတယ်လေဗျာ။ ဒီနေ့အခေါ် ၂၆လမ်းနှင့်၂၇လမ်းကြား၊ ၇၆လမ်းနဲ့ ၇၇လမ်းကြားမှာပေါ့။ သက္ကရာဇ် ၁၂၁၇ ခုနှစ်တုန်းက မင်းတုန်းမင်းတြားကြီး တည်ခဲ့တဲ့ဘုရားပေါ့။ ဒီဘုရားဟာလည်း ဆုတောင်းတိုင်းပြည့်တယ်ဆိုပြီး အစဉ်အဆက် သွားလာဖူးမြော်ဆုတောင်းနေကြတဲ့ ဘုရားတစ်ဆူပါပဲ။'

'မင်းတုန်းမင်းကြီးရဲ့ ဘုရားနဲ့အပြိုင်အားလုံးအောင်တယ်ဆိုတဲ့ ဘုရားတစ်ဆူအကြောင်းကိုလည်း သိချင်သေးတယ်ကိုကြီးစိန်မြရယ်။'

'သိရပါတယ်ဗျာ။ အခုအခေါ် ၆၃လမ်းနဲ့၆၄လမ်း၊ ၂၈လမ်းနဲ့ ၂၉လမ်းကြားမှာရှိတယ်။ သီပေါမင်းရဲ့ကုသိုလ်ကိုတိုင်တားမင်းကြီးက ခုနှစ်ရက်တည်းနဲ့အပြီးတည်ဆောက်ခဲ့တဲ့ ဘုရားပါ။ အမြင့်ဥာဏ်တော်ခုနစ်တောင်ရှိတယ်။ ရန်မှန်သမျှကို နှိမ်နိုင်တယ်၊ အောင်နိုင်တယ်လို့ဆိုကြတယ်။ တည်ထားခဲ့တဲ့ သက္ကရာဇ်ကတော့ ၁၂၄၄ ခုနှစ်ပေါ့။ အဲဒီဘုရားရဲ့ဘွဲ့ကတော့'မဟာလောကရန်နှိမ် အောင်တော်မူမြတ်စွာဘုရား' ဖြစ်တယ်။ အခုလူတွေကတော့ 'မဟာလောကရန်နှိမ်' ကိုဖျောက်ပြီး 'အောင်တော်မူဘုရား'လို့ပဲပြောဆိုနေကြတယ်လေ။'

'ကိုင်း… ကိုကြီးကြောင်ရေ ဒီနေ့တော့ ရပ်လိုက်ကြဦးစို့။'

အဘိုးတို့၏ စကားသံများသည် တိတ်ဆိတ်သွားကြ၏။ နေကလည်းဝင်လုဆဲဆဲဖြစ်တော့၏။ အချိန်တန်တော့လည်း အိမ်ပြန်ကြစမြဲပဲမဟုတ်ပါလား။ လောကအိမ်လား? သံသရာအိမ်လား? မည်သည့်အိမ်သို့ ပြန်ကြမည်နည်း။ အဘိုးတို့ကား မပြော။ ။

## ဆင်းကတ်များ စနစ်တကျမှတ်ပုံတင်ရောင်းချခြင်း ရှိ၊ မရှိနှင့် တရားမဝင်ဆင်းကတ်ရောင်းချမှုများမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ကံမ မတ် ၂၄**



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် မြို့နယ်တရားမဝင် ဆင်းကတ်များရောင်းချမှုစစ်ဆေးရေးအဖွဲ့သည် ယမန်နေ့ နံနက် ၁၀နာရီက မြို့ပေါ်ရပ်ကွက်များနှင့် ကျွန်းကလေးကျေးရွာအုပ်စုတွင်ရှိသော မိုဘိုင်းဖုန်းအရောင်းဆိုင်များနှင့် ဖုန်းအမျိုးမျိုးပြုပြင်ရေးဆိုင်များသို့ သွားရောက်၍ ညွှန်ကြားချက်များနှင့်အညီ ဆင်းကတ်များစနစ်တကျ မှတ်ပုံတင်ရောင်းချခြင်း ရှိ၊ မရှိနှင့် တရားမဝင် ဆင်းကတ် ရောင်းချမှုများကို တားဆီးကာကွယ်နိုင်ရန်အတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ခဲ့ရာတွင် မှတ်ပုံတင်ထားခြင်းမရှိသည့် တရားမဝင်ဆင်းကတ်များ ရောင်းချမှုမရှိစေရေး၊ ရောင်းချလျက်ရှိသော အရောင်းဆိုင်များမှာလည်း သက်ဆိုင်ရာအော်ပရေတာနှင့် စာချုပ်ချုပ်ဆိုထားခြင်း ရှိ၊ မရှိ၊ ဆင်းကတ်များကို စနစ်တကျ မှတ်ပုံတင်၍ရောင်းချစေရေးနှင့် SIM Card များကို စနစ်တကျမှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်းဆိုင်ရာညွှန်ကြားချက်ဖြစ်သည့် အမိန့်ကြော်ငြာစာအမှတ်(၁၈/၂၀၂၃)ကို ဖြန့်ဝေ၍ အသိပညာပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ယာပုံ)ဇော်ထက်(သရက်)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Eninem ၏ဘဝအကြောင်း Rap God မှာ ဆုပေါင်းများစွာရရှိထား



ဒါရိုက်တာခရစ်ဟန်ဆန်က အယ်မီနမ်၏ဘဝဇာတ်ကြောင်းကို ရိုက်ကူးထားသော Rap God မှာ ပရိသတ်အားပေးမှု IMDb.7 ရရှိထားပြီး အော်စကာတစ်ဆုနှင့် ဆုပေါင်းများစွာ ဆွတ်ခူးရရှိထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် တစ်ဘဝလုံး ရုန်းကန်ခဲ့ရသည့် ရက်ပ်ပါလူငယ်လေးတစ်ဦး၊ အရက်စွဲမိခင်၊ သူငယ်ချင်းအနည်းငယ်နှင့် စုတ်ချာခဲ့သည့်ဘဝမှ ပင်ကိုယ်ပါရမီပါသည့် ရက်ပ်ရွတ်ခြင်းဖြင့် နယ်ခြားစည်းကို ကျော်လွန်၍ Rap God တစ်ဦးဖြစ်လာပုံကို ပုံဖော်ထားသည်။

ယင်းဇာတ်ကားနှင့် Lose Yourself တေးသီချင်းက အကောင်းဆုံးဂီတ၊ မူရင်းသီချင်းအဖြစ် အော်စကာဆု ရရှိခဲ့သည့်အပြင် အခြားဆုပေါင်း ၁၀ စု ဆွတ်ခူးခဲ့ပြီး ဆုပေါင်း ၁၉ ခု ဆန်ခါတင်ဝင်ခဲ့သည်။ **SKY**

## When Life Gives You Tangerines မှာ လေးနိုင်ငံ၏ ထိပ်ဆုံးစာရင်းဝင်ဖြစ်

အဆိုတော်၊ သရုပ်ဆောင်၊ အနုပညာရှင်ပတ်ဘိုဂန်းနှင့် အိုင်ယူတို့ ပါဝင်ထားသည့် ဒရမ်မာကား When Life Gies You Tangerines မှာ နိုင်ငံအလိုက် နယ်ဖလစ် ရုပ်တည်မှုတွင် လေးနိုင်ငံ၌ ထိပ်ဆုံးစာရင်းဝင်ဖြစ်နေကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




ချစ်တတ်သည့် ကျွန်းသားလေးအကြောင်း ရိုက်ကူးထားရာ သဘာဝကျေးလက်ရှုခင်းများနှင့် အချစ်အကြောင်းတင်ပြထား၍ တောင်ကိုရီးယား၊ ဟောင်ကောင်၊ စင်ကာပူနှင့် အင်ဒိုနီးရှား လေးနိုင်ငံတွင် ကြည့်ရှုနှုန်းထိပ်ဆုံးဝင်ခဲ့သည်။

ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ ဂျပန်နှင့် မလေးရှားနိုင်ငံများတွင် နံပါတ် (၂၊ ၃၊ ၅) စာရင်းဝင်ဖြစ်ခဲ့ပြီး ပရိသတ်ကြား ရေပန်းစားသော ဒရမ်မာကားဖြစ်ခဲ့သည်။ **SKY**

## သွေးပေါင်ချိန်ကို ပြင်းထန်စွာ ထိန်းချုပ်ခြင်းဖြင့် မှတ်ဉာဏ်ပြဿနာ စိတ်ဖောက်ပြန်ခြင်းကို လျှော့ကျစေနိုင်

ဝိတ်ဖောရက်စ်တက္ကသိုလ် ဆေးပညာသင်ကျောင်းမှ လေ့လာမှုတစ်ခုအရ သွေးပေါင်ချိန်ကို ပြင်းထန်စွာ ထိန်းချုပ်ခြင်းဖြင့် သုံးနှစ်ခွဲကြာမြင့်သော ကုသမှုကို ရပ်တန့်ပြီးနောက်ပိုင်း နှစ်အတန်ငယ်ကြာသည်အထိ မှတ်ဉာဏ်အားနည်းခြင်းနှင့် စိတ်ဖောက်ပြန်ခြင်းတို့၏ အန္တရာယ်ကို သိသိသာသာ လျှော့ကျစေနိုင်ကြောင်း ဖော်ပြထားသည်။ သွေးတိုးရောဂါနှင့် နှလုံးသွေးကြောဆိုင်ရာ အန္တရာယ်မြင့်မားသော လူကြီးများတွင် သွေးပေါင်ချိန်ကို ပြင်းထန်စွာ ထိန်းချုပ်ခြင်းဖြင့် ဦးနှောက်အတွက် ရေရှည်အကျိုးများဖွယ်ရှိမည့် သဘောပင်ဖြစ်သည်။

အာရုံကြောဗေဒဆေးပညာဂျာနယ်တွင် ဖော်ပြထားသော ယင်းလေ့လာမှုရလဒ်အရ သွေးပေါင်ချိန်ကို ရေရှည်ထိန်းချုပ်ခြင်းဖြင့် မှတ်ဉာဏ်ယိုယွင်းမှုကို ကာကွယ်ပေးနိုင်မည်ဟု အမေရိကန် အာရုံကြောအထူးကုဆရာဝန်များ အကယ်ဒမီက ထောက်ပြသည်။ အဆိုပါသုတေသန၌ အမေရိကန်နှင့် ပွါတိုရီကိုရှိ ဆေးခန်း ၁၀၀ ကျော်တွင် မှတ်ပုံတင်ထားသော အသက် ၅၀ နှင့် အထက် လူကြီး ၉၃၆၁ ဦး နှင့် သက်ဆိုင်သော ကျန်းမာရေးအချက်အလက်များအပေါ် အခြေခံလေ့လာခဲ့ကြောင်း သိရသည်။ **SCI**



## Wang Yibo က Chanel, Loewe Lacoste နှင့် ကုန်အမှတ်တံဆိပ် သုံးခုနှင့် ဖက်ရှင်ပွဲတက်



တရုတ်အနုပညာရှင် ဝမ်ရိဘိုသည် Luxury Brand ကြီးများဖြစ်သည့် Chanel, Loewe နှင့် Lacoste သုံးမျိုးစလုံး၏ ရှိုးတစ်ခုချင်းစီကို Paris Fashion Week အတွက် ဖက်ရှင်ပွဲ တက်ရောက်ခွင့်ရသူဖြစ်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ပြင်သစ်ဖက်ရှင် ရက်သတ္တပတ်ပွဲသမိုင်းတွင် ယင်းကုန်အမှတ်တံဆိပ် သုံးမျိုးစလုံး၏ ရှိုးတစ်ခုချင်းစီကို တစ်ပြိုင်နက် တက်ရောက်ခွင့်ရသည့် ပထမဆုံး တရုတ်အနုပညာရှင်မှာ ဝမ်ရိဘိုဖြစ်သည်။

ဆန်းသစ်သော ဖက်ရှင်စတိုင်လ်များနှင့် မတ် ၉ ရက်တွင် ဝမ်ရိဘိုကို မြင်တွေ့ရမည်ဖြစ်၍ ပရိသတ်စိတ်လှုပ်ရှား၍ စောင့်မျှော်နေကြရာ ဝမ်ရိဘိုလေဆိပ်ဖက်ရှင်မှာ အလုံထုပ်ဖြစ်နေ၍ ပရိသတ်များ မချင့်မရဲဖြစ်နေကြပြီး ဖက်ရှင်ပွဲကို စောင့်မျှော်နေကြသည်။ **SKY**

## Lisa က Live and Let Die နှင့် အော်စကာပွဲတွင် ဖျော်ဖြေခဲ့

ထိုင်းကေပေါ့ပ်စတား လီဆာ (ခေါ်) လာလီဆာမန်နိုဘယ်လ်က အော်စကာစင်မြင့်ထက်တွင် ဂျိမ်းစ်ဘွန်းဇာတ်ဝင်တေး Live and Let Die နှင့် ဖျော်ဖြေခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အော်စကာပွဲသည် ၁၉၂၉ ခုနှစ်မှစတင်၍ ၁၆ နှစ်ကြာ ၁၉၄၄ ထိ ဖျော်ဖြေရေးမပါခဲ့ဘဲ ၁၉၄၅ မှ ၁၉၈၉ အထိ ဆန်ခါတင်ဇာတ်ဝင်တေးသီဆိုခဲ့ကာ ၁၉၉၀ နောက်ပိုင်းမှ အစီအစဉ်ပြောင်းလဲခဲ့သည်။

ကမ်းလှမ်းခံရသူများ စည်းမျဉ်းတွင် ရုပ်ရှင်သရုပ်ဆောင်လုပ်ဖူးသူ၊ ဇာတ်ဝင်တေးသီဆိုဖူးသူ၊ တေးရေးအချက်သုံးချက်နှင့် ကိုက်ညီသူ ဖြစ်ရကာ စလင်းဒီယွန်၊ မိုင်လေးဆိုင်းရပ်စ်၊ ဝှစ်တနီဟူစတန်တို့ ဖျော်ဖြေခဲ့ကြသည်။

ယခုပွဲတွင် လီဆာ၊ ဒိုဂျာကက်၊ ရာယီတို့ ဖိတ်ခံခဲ့ရပြီး တေလာဆွစ်မှာ အနုပညာအချိန်ပြည့်နေ၍ လီဆာက ပထမဆုံး ဟောလိဝုဒ်ဖျော်ဖြေမှုအစီအစဉ်အတွက် Live and Let Die ဇာတ်ဝင်တေးကို ရွေးခဲ့ကာ ယင်းသီချင်းကို ပေါမက္ကနေနှင့် ဇနီး လင်ဒါတို့၏ ရော့ခ်ဂီတအဖွဲ့ Wings အတွက် ရေးသားခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် အမည်အတိုင်း ဂျိမ်းစ်ဘွန်းရုပ်ရှင်ကား ဖြစ်ခဲ့သည်။ **SKY**



## Kim Seon Ho ကို Fantagio အင်တာတိန်းမင့်က ကမ်းလှမ်းထား



ဆောင်ဂျောင်ကီး၏ အေဂျင်စီ ဖန်တာဂီယိုက မင်းသားကင်ဆွန်ဟိုကို ဒေါ်လာတစ်သန်းခွဲနီးပါး ကမ်းလှမ်းမှုအောင်မြင်ခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကင်ဆွန်ဟိုသည် Hometown Cha Cha Cha နှင့် ကမ္ဘာကျော်ခဲ့ကာ သဘာဝမင်းသားအဖြစ် လူကြိုက်များနေရာမှ ယင်းအေဂျင်စီ၏ ကမ်းလှမ်းမှုအပေါ် ပရိသတ်ဝေဖန်မှုများရှိခဲ့သည်။

ဆောင်ဂျောင်ကီးအပြင် ချာအန်ဝူးတို့ အင်တာတိန်းမင့်ဖြစ်၍ မကြာမီ သင်တန်းသွားမည့် ချာအန်ဝူး နေရာအစားထိုးရန်အတွက် ကင်ဆွန်ဟိုကို ပြင်ဆင်ထားခြင်းဖြစ်နိုင်သည်ဟု ပရိသတ်များ ထင်ကြေးပေး ဝေဖန်ထားကြသည်။ **SKY**

## Mikey Madison က Anora နှင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု ရရှိ



အော်စကာဆုပေးပွဲတွင် အကောင်းဆုံးရုပ်ရှင်ဆု၊ ဒါရိုက်တာဆု၊ ဇာတ်ညွှန်းဆု၊ တည်းဖြတ်ဆု၊ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို မစ်ကီမာဒီဆန်ရရှိပြီး Anora က ဆုငါးဆုရရှိခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ဒါရိုက်တာဆမ်ဘိတ်ကာက အပိုင်းသုံးပိုင်းခွဲ၍ ဖန်တီးထားရာ ပထမပိုင်းတွင် လှမလိုင်လွှာများက လူမဟုတ်သလို ဆက်ဆံကြပုံ၊ ဒုတိယပိုင်းတွင် အသွင်မတူသည့် လောကထဲ ကျင်လည်ခဲ့ရာမှ လက်တွဲဖြုတ်ခဲ့ပုံနှင့် တတိယပိုင်းတွင် ဘဝတူစာနာမှုရှိသူနှင့် တွေ့ဆုံကြပုံကို တင်ပြထားကာ ပြည့်တန်ဆာတစ်ယောက်အနေနှင့် မဟုတ်ဘဲ လူတစ်ယောက်အဖြစ် မြင်နိုင်ရန် ရိုက်ကူးတင်ပြခဲ့သည်။

မင်းသမီး မစ်ကီမာဒီဆန်က သရုပ်ဆောင်စွမ်းရည်အပြည့်ပြသသွားနိုင်ခဲ့၍ Anora မှာ အချို့ပရိသတ်အတွက် ဈေးကပ်ထားသော နတ်သမီးပုံပြင်ဖြစ်ခဲ့သည်။ **SKY**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မြန်မာစကားပုံတွင် ရေအသက်တစ်မနက်၊ ထမင်းအသက် ခုနစ်ရက် ဟူ၍ ရှိ...

❖ အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံး အခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်...

❖ ထို့ကြောင့် ပညာအသက်သည် ဘဝတစ်သက်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး ဆရာမကြီးများ၊ သင်္ချေအရာရှိများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

# နှစ်(၈၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြ စစ်ကြောင်းကြီးများ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်

နေပြည်တော် မတ် ၂၄

မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြ စစ်ကြောင်းကြီးများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ရေးပြကွင်း၌ ဝတ်စုံပြည့် စစ်ရေးပြ လေ့ကျင့်မှုများ ဆောင်ရွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကြည့်ရှုစစ်ဆေးသည်။

စစ်ရေးပြလေ့ကျင့်မှုတွင် စစ်ကြောင်း ခုနစ်ကြောင်းမှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များသည် စုရပ်ဖြစ်သည့် သစ်တပ်ကွင်းမှ စစ်ရေးပြကွင်းကြီးသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့တို့၏ စာမျက်နှာ ၇ သို့ ✣



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အလံတော်အဖွဲ့နှင့် စစ်ရေးပြ စစ်ကြောင်းများ၏ စစ်ရေးပြကွင်းအတွင်း ချီတက်ဝင်ရောက်နေရာယူမှုများအား ကြည့်ရှုစစ်ဆေးစဉ်။

# ISTAF World Cup 2025 ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်း ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိ



ရန်ကုန် မတ် ၂၄

အိန္ဒိယနိုင်ငံ၌ ကျင်းပသည့် ISTAF World Cup 2025 ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအသင်းသည် ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာပိုက်ကျော်ခြင်း အသင်းသည် ပြိုင်ပွဲအမျိုးအစားငါးမျိုး ဝင်ရောက်ယှဉ်ပြိုင်ရာ လေးမျိုးတွင် ဆုတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ စာမျက်နှာ ၁၀ သို့ ★

အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်ရခဲ့သည့် မြန်မာအမျိုးသမီး ပိုက်ကျော်ခြင်းအသင်း။

## ယနေ့ ဖတ်စရာအညွှန်း

အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိ
စာမျက်နှာ ၂

ချာကီအား ခေါ်ယူရန် လီဗာပူးအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ အပြိုင်စိတ်ဝင်စား
စာမျက်နှာ ၁၁

သုခမ္မာဇရပ်ရိပ်က အတိတ်မြင်အလွမ်း(၃)
ဆောင်းပါး
စာမျက်နှာ ၁၇